# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၄၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ခြင်းဖြင့် တစ်ဦးချင်းဝင်ငွေများ တိုးတက်လာပြီး နိုင်ငံ့စီးပွား တိုးတက်ပြောင်းလဲလာမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ ကော်ဖီနှင့် အသား၊ နို့ထွက်ပစ္စည်းကဏ္ဍဖွံ့ဖြိုးရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ ကော်ဖီနှင့် အသား၊ နို့ထွက်ပစ္စည်း ကဏ္ဍဖွံ့ဖြိုးရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ မာ တိ ကာ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား**

ပြည်တွင်းသတင်း | စာ ၆




## နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်အောင် စိတ်ဓာတ်အားမာန်ဖြင့် လက်တွေ့စွမ်းဆောင်

လူ့အဖွဲ့အစည်းတစ်ရပ်တွင် လူတို့၏ တန်ဖိုးထားမှုစနစ်နှင့် စံများ (Value System and Norms) က လူတို့၏ အပြုအမူများအပေါ်တွင် လွှမ်းမိုးမှုရှိသည်ဟု ပညာရှင်များကဆိုသည်။ လူ့အဖွဲ့အစည်းအသီးသီးတို့တွင် လွှမ်းမိုးနေသော (အများက လက်ခံထားသော) လူတို့၏ အပြုအမူဆိုင်ရာစံ၊ ကိုယ်ကျင့်တရားစံနှင့် အရည်အသွေးစံများကိုလိုက်၍ လူတို့၏အပြုအမူများ ဖြစ်ပေါ်တတ်သည်ကို ဆိုခြင်းလည်းဖြစ်သည်။

တစ်ခေတ်တစ်ခါက မိုက်ဂုဏ်ကြောင့် နာမည်ကြီးသည့် ဒေသတစ်ခုရှိခဲ့ဖူးရာ အရွယ်ရောက်သည့် ယောကျ်ားလေးဆိုလျှင် "ပွဲဝင်" ဖူးမှ ယောကျ်ားပီသသည်ဟူသော အယူအဆက ၎င်းဒေသ၏ လူ့အဖွဲ့အစည်းကို လွှမ်းမိုးထားခဲ့ခြင်းကြောင့်ဖြစ်သည်။ ပွဲဝင်သည်ဆိုသည်မှာ ဓားနှင့်ထိုး၊ တုတ်နှင့်ရိုက်၊ ရန်ပွဲဖြစ်ပြီး ရုံးရောက်၊ ဂါတ်ရောက် ရောက်ခြင်းကို ဆိုလိုသည်။ တစ်ခါတစ်ရံ လက်လွန်ခြေလွန် လူသတ်မှုအထိ ဖြစ်သွားသူမှာ ပို၍ မိုက်ဂုဏ်မြင့်သူအဖြစ် ရောက်ရှိသွားသည်။ ဤသည်မှာ လူ့အဖွဲ့အစည်းတွင် မမှန်ကန်သည့် အတွေးအခေါ်နှင့် အပြုအမူဆိုင်ရာစံ၊ အရည်အသွေးစံများ လွှမ်းမိုးခဲ့ခြင်းကြောင့် မှားယွင်းသည့်လုပ်ရပ်များ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ မှားယွင်းသည့်လုပ်ရပ်များသည် ပြုလုပ်သူအတွက်သာမက ပတ်ဝန်းကျင်ကိုရော၊ ဒေသကိုပါ အကျိုးယုတ်စေသည်။ အကယ်၍သာ ဤဒေသ၏ လူ့အဖွဲ့အစည်းတွင် ရိုးသားခြင်းနှင့် အလုပ်ကြိုးစားခြင်းတို့ကို တန်ဖိုးထားသည့် အတွေးအခေါ်နှင့် စံနှုန်းများက လွှမ်းမိုးနေမည်၊ ထွန်းကားနေမည်ဆိုပါက ယင်းဒေသသည် ရိုးသားမှု၊ ကြိုးစားမှုကြောင့် ဖွံ့ဖြိုးတိုးတက်သည့်ဒေသ၊ စီးပွားအခွင့်အလမ်းများ ပွင့်လန်းပြီး နေချင့်စဖွယ်ဒေသအဖြစ် ထင်ရှားကျော်ကြားနိုင်မည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ အရည်အသွေး၊ အရည်အချင်းပြည့်ဝစေရန်အတွက် ပြုစုပျိုးထောင်ပေးရန်လိုအပ်သကဲ့သို့ပင် "အလုပ်လုပ်လိုစိတ်" (Will to Work) ထက်သန်စေရန်အတွက် နှိုးဆွလှုံ့ဆော်ပေးရန်လိုသည်ဟု ပညာရှင်တို့က မိန့်ဆိုကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် လူတို့၏ အရည်အသွေး၊ အရည်အချင်းတိုးတက်မြင့်မားစေရန် ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်ဆောင်ရေး၊ ကျွမ်းကျင်မှုပြန့်ပွားရေး၊ အသိပညာတိုးပွားရေးတို့ကို တတ်စွမ်းသမျှ ဆောင်ရွက်နေကြသော်လည်း အဓိကအခက်အခဲမှာ ၎င်းတို့တွင်ရှိနေသည့် လူတို့၏ အရည်အသွေး၊ အရည်အချင်းတို့ကို ထိရောက်စွာ အသုံးမပြုနိုင်ခြင်းဖြစ်သည်ဟုလည်း ဆိုထားသည်။ လူ့အဖွဲ့အစည်းအတွင်း အလုပ်လုပ်လိုသည့်စိတ် ထက်သန်လာစေရန်နှင့် အလုပ်အပေါ် တန်ဖိုးထားခြင်း၊ ရိုးသားခြင်း၊ ကြိုးစားခြင်း စံနှုန်းများ လွှမ်းမိုးနေစေရန် ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးရန် လိုအပ်သလို အလုပ်ကြောင့် အကျိုးဖြစ်ထွန်းမှုကိုလည်း ထင်ရှားစွာပြသနိုင်ရန်လိုသည်။ ကျေးလက်ဒေသများ၏ စိုက်ပျိုးရေးစီးပွား ဆောင်ရွက်ရာတွင် ထုတ်ကုန်သီးနှံများအတွက် ဈေးကွက်အာမခံချက်မရှိဘဲ မြတ်သည့်ရာသီမြတ်၊ ရှုံးသည့်ရာသီရှုံး ဟူသည့် သံသရာလည်နေချိန်တွင် ပြည်ပထွက်ခွာ အလုပ်လုပ်သည့်အိမ်က အိမ်တစ်ဆောင် မီးတစ်ပြောင်ကြီးပွားတိုးတက်လာသည်ကို မြင်ရသည့်အခါ လယ်ယာစီးပွားအပေါ် စိတ်ဝင်စားမှု လျော့နည်းလာပြီး ပြည်ပထွက်ခွာအလုပ်လုပ်ရန်သာ ကြိုးပမ်းလာကြခြင်းမှာ ထင်ရှားသည့်ဥပမာပင်ဖြစ်သည်။

ယနေ့ ဖွံ့ဖြိုးတိုးတက်သည့်အခြေအနေသို့ ရောက်ရှိလာကြသည့် အာရှနိုင်ငံတို့မှာ အတိတ်ကာလက မိမိတို့နိုင်ငံကဲ့သို့ပင် ဖွံ့ဖြိုးမှုနည်းပါးသည့် အခြေအနေမှ ကြိုးစားရုန်းကန်သွားခဲ့ကြရခြင်းဖြစ်သည်။ ပြည်သူလူထု၏ အလုပ်လုပ်နိုင်သည့် အရည်အသွေးပြည့်ဝစေခြင်းနှင့် အလုပ်လုပ်လိုသည့်စိတ်ဓာတ် ထက်သန်ခြင်းတို့ကို ဖန်တီးကာ ခိုင်မာအားကောင်းသည့် အမျိုးသားရေးစိတ်ဓာတ်အားမာန်ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် လက်တွေ့စွမ်းဆောင်ကြရပါမည့်အကြောင်း။ ။

## (၇၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၅ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၁ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၁ ပါတီအနက် မင်းမျိုးတင့်လွင် ခေါင်းဆောင်သည့် **မွန်တိုးတက်ရေးပါတီ** က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်သည်။

မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၁ ပါတီအနက် ပါတီ ၉ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရောဝတီတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းဆောင်ရွက်

**ပုသိမ် ဖေဖော်ဝါရီ ၁၆**

ရောဝတီတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဖေဖော်ဝါရီ ၇ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဇလွန်မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၇၁ ခုမှ ပြည်သူ ၅၄၃ ဦး၊ ဒေးဒရဲမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၉၃ ခုမှ ပြည်သူ ၄၅၆ ဦး စုစုပေါင်း ၉၉၉ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ်မဲပေးလေ့လာကြသည်။

တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှု အဆင့်ဆင့်ကို ရှင်းလင်းပြသ ဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးကြသည်။

စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များပေးခဲ့ကြောင်းနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကို ရောဝတီတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ငါးလုပ်ငန်းအတတ်သင် သိပ္ပံကျောင်း(ကြို့ကုန်း)၌ အခြေခံအင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းအတတ်သင်သိပ္ပံကျောင်းတွင် အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပရာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမြင့်ရွှေက အမှာစကားပြောကြားပြီး သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကိုကိုက သင်တန်းဖွင့်လှစ်ရခြင်း ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးချုပ်ဌာနခွဲများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ဌာနတွင်းဝန်ထမ်း လူကိုယ်တိုင်တက်ရောက်သင်ကြားသူ ၂၀နှင့် အွန်လိုင်းမှ တက်ရောက်သူ ၂၃ ဦး စုစုပေါင်း ၄၃ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၄ ရက် မှ မတ် ၁၉ ရက်အထိ ခြောက်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်ယန္တရားဖြင့် စပါးစိုက်ပျိုးသည့် ဗီဒီယိုဖိုင်ကို လေ့လာကြည့်ရှုစဉ်။

## ❖ တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်မပြည့်မီသည့် ထွက်ရှိမှုများသည် မိမိတို့အတွက် အနုတ်လက္ခဏာပြနေသည်ကို သတိပြုမိကြရန်လို

## ❖ ဝါစိုက်ပျိုးမှုကို ဧက ၅ သိန်းစိုက်ပျိုးပြီး သတ်မှတ်ပန်းတိုင်ရည်မှန်းချက်များအတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းချည်သုံးစွဲမှုကို ဖူလုံစေမည်ဖြစ်သဖြင့် နိုင်ငံ့ဝင်ငွေရရှိရေးကို ကြီးမားစွာအထောက်အကူပြုနိုင်မည်ဖြစ်

## ❖ ပြည်တွင်းမှထွက်ရှိသည့် ချည်များကို အထည်ချုပ်လုပ်ငန်းများတွင် အသုံးပြုနိုင်ခြင်းကြောင့် ချည်ထည်လုပ်ငန်းများဖြင့် CMP လုပ်ငန်းနှင့် MSME လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်

❖ *ရှေ့ဖုံးမှ*

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတကာမှ တိရစ္ဆာန်အစာစနစ်စိုက်ပျိုးခြင်း၊ နို့စားနွားမွေးမြူခြင်း၊ စပါးစိုက်ပျိုးခြင်း၊ နေကြာရိတ်သိမ်းခြင်းနှင့် ဆီထုတ်လုပ်ခြင်း၊ ခေတ်မီစက်ယန္တရားများနှင့် နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စက်ယန္တရားများဖြင့် တိရစ္ဆာန်များကို အစာကျွေးခြင်း ဗီဒီယိုဖိုင်များကို လေ့လာကြည့်ရှုကြသည်။

### ဆီထွက်သီးနှံများ အထွက်နှုန်းတိုးမြှင့်ရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျှော့ချနိုင်ရေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ယနေ့ **မိမိတို့နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး၊ စီးပွားတိုးတက်စေရေးအတွက် အဓိကကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လက်တွေ့ကျကျ ဆွေးနွေးမည်ဖြစ်**ကြောင်း၊ အဓိကအားဖြင့် ဆီထွက်သီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ကြံ၊ ကော်ဖီနှင့် ဆက်စပ်သီးနှံများနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ရန်ဖြစ်ကြောင်း၊ နှစ်စဉ်ပြည်ပမှစားသုံးဆီများ တင်သွင်းနေရသဖြင့် ပြည်တွင်းဆီစားသုံးမှုဖူလုံမှုရှိစေရေး အလေးထားဆောင်ရွက်ကြရန် မိမိတို့ စတင်တာဝန်ယူစဉ်ကတည်းက ပြောကြားခဲ့ပြီး အထောက်အကူဖြစ်စေရေးအတွက်လည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော် စားသုံးဆီတင်သွင်းမှုအနေဖြင့် လျော့ကျခြင်းမရှိသည်ကိုတွေ့ရှိရပြီး လက်ရှိအချိန်အထိ တင်သွင်းနေရဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ စားသုံးဆီရရှိရေးအတွက် စိုက်ပျိုးထုတ်လုပ်နိုင်မည့် စိုက်ပျိုးမြေများ၊ လိုအပ်သည့်သွင်းအားစု ရေနှင့် လူ့စွမ်းအားအရင်းအမြစ်များရှိသော်လည်း စားသုံးဆီဖူလုံစွာ ထုတ်လုပ်နိုင်ခြင်းမရှိသည်မှာ မဖြစ်သင့်ကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့အနက် မြေပဲသည် တစ်ဧကအထွက်နှုန်း ကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ အချက်အလက်များအရ နေကြာသည် မြေပဲနှင့်နှမ်းတို့ထက် ဆီအထွက်နှုန်း ပိုမိုကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံ၌ အထက်ပါ ဆီထွက်သီးနှံသုံးမျိုးလုံး အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်သည်ကို တွေ့ရှိရကြောင်း၊ နေကြာစိုက်ပျိုးမှုတွင် ဝတ်မှုန်ကူးမှုအောင်မြင်စေရေးအတွက် ပျားမွေးမြူရေးကိုပါတွဲ၍ ဆောင်ရွက်ရန်လိုသည်ကို တွေ့မြင်ရကြောင်း၊ ဆီထွက်သီးနှံများသည် လေးလတာကာလအတွင်း စိုက်ပျိုးထုတ်လုပ်နိုင်ပြီး တစ်နှစ်လျှင် နှစ်သီး စိုက်ပျိုး၍ရသည်ကို တွေ့ရှိရသောကြောင့် မည်ကဲ့သို့ အောင်မြင်အောင် ဆောင်ရွက်ရမည်ကို အဖြေရှာဆောင်ရွက်ကြရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသော မျိုးကောင်းမျိုးသန့်ရရှိအောင်ဆောင်ရွက်ရန်၊ မြေကို စနစ်တကျပြုပြင်ဆောင်ရွက်ရန်၊ အောင်ရေရရှိရန်၊ စိုက်နည်းစနစ်များမှန်ကန်ရန် အဓိကကျကြောင်း၊ လက်ရှိဆီထွက်သီးနှံစိုက်ဧကများသည် လုံလောက်သည့် အနေအထားတွင်ရှိပြီး ပန်းတိုင်အထွက်နှုန်းရရှိစေရေး ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ သီးထပ်စွမ်းအားများ ကောင်းမွန်စေရေးအတွက်လည်း မတူညီသည့် ရာသီဥတုတွင် လိုအပ်သည့် သွင်းအားစုများရရှိအောင် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးဆိုင်ရာ ပညာရှင်များအနေဖြင့် စဉ်းစားဆောင်ရွက်ကြရန်လိုပြီး အခြားနိုင်ငံများ၏ စိုက်ပျိုးရေးတွင် အောင်မြင်စွာဆောင်ရွက်နေကြသည့် နည်းပညာများကိုလည်း အတုယူဆောင်ရွက်ကြရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များအား စနစ်တကျပြုပြင်ထားသည့်မြေတွင် မြေဩဇာပြည့်မီစွာ ထည့်သွင်းခြင်း၊ အောင်ရေရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ဖြင့် စိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းများ ပြည့်မီလာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကို ဗဟိုပြု၍ မြစ်၏ အရှေ့၊ အနောက်နှင့် မြစ်လက်တက်များကို အားပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း၊ အခြားသော မြစ်များ၊ ချောင်းများ များစွာလည်း ရှိပြီးဖြစ်သဖြင့် တစ်နိုင်ငံလုံးတွင် ရေနှင့်ပတ်သက်၍ အထောက်အကူရရှိပြီးဖြစ်ကြောင်း၊ သို့သော်လည်း နွေရာသီကာလ၌ ရေရရှိရန်အခက်အခဲရှိသည့် ဒေသအချို့လည်းရှိကြောင်း၊ ထိုကဲ့သို့ အခက်အခဲရှိသည့် ဒေသများ၌ ဆိုလာကိုအသုံးပြု၍ မြစ်ရေတင်ခြင်းများ၊ ရေရရှိနိုင်သည့် အရင်းအမြစ်များမှ ရေသွင်းစိုက်ပျိုးခြင်းတို့ဖြင့် ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးနှင့် အောင်ရေကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စိုက်နည်းစနစ်များ မှန်ကန်မှုရှိစေရေးသည်လည်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် အဓိကကျကြောင်း၊ **တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်မပြည့်မီသည့် ထွက်ရှိမှုများသည် မိမိတို့အတွက် အနုတ်လက္ခဏာပြနေသည်ကို သတိပြုမိကြရန်လို**ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် ပတ်သက်ပါက တစ်ဧကအထွက်နှုန်းတိုးမြှင့်နိုင်ရေးသည် အဓိကထားဆောင်ရွက်ကြရမည့်လုပ်ငန်းအဖြစ် မှာကြားလိုကြောင်း။

သီးနှံများအနက် စပါးစိုက်ပျိုး၍ရသည့် မြေနေရာသည် အခြားသီးနှံများလည်း အောင်မြင်စွာ ဖြစ်ထွန်းသည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် စပါးစိုက်ပျိုးသည့် မြေနေရာများ၌ ရာသီဥတုအရ၊ မြေအခြေအနေအရ သင့်လျော်ကိုက်ညီသည့် သီးထပ်သီးနှံများကိုလည်း စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ တိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

### စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ကြံနှင့် ကော်ဖီသီးနှံများ အထွက်နှုန်းတိုးတက်အောင် ထုတ်လုပ်နိုင်ရန်လို

စက်မှုကုန်ကြမ်းသီးနှံနှင့်ပတ်သက်၍ ဝါစိုက်ပျိုးရေးဆောင်ရွက်ရာတွင် ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တစ်ဧက သတ်မှတ်အထွက်နှုန်း ပိဿာ ၁၀၀၀ ထွက်ရှိမည်ဆိုပါက ဝါဂွမ်းပိဿာ ၃၅၀၊ ဝါစေ့ဆီ ၅၂ ဒသမ ၅ ပိဿာ၊ ဝါစေ့ဆီချေး ၁၇ ဒသမ ၅ ပိဿာ၊ လင်တာဂွမ်း(အမျှင်တို) ပိဿာ ၄၀၊ ဝါစေ့ကြိတ်ဖတ်ပိဿာ ၅၄၀၊ ချည်ပိဿာချိန် ၁၀၀၈ ပေါင် ထွက်ရှိမည်ဖြစ်သဖြင့် ချည်ပိတ် ၃၉၁၆ ကိုက် ထွက်ရှိမည်ဟုသိရကြောင်း၊ ဝါစိုက်ဧက ၅ သိန်း စိုက်ပျိုးနိုင်မည်ဆိုပါက ချည်ပိတ် ကိုက်သန်းပေါင်း ၅၈ သန်းထွက်ရှိမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ သန်း ၅၀ နှင့် တွက်ချက်ကြည့်ပါက လူတစ်ဦး တစ်နှစ်လျှင် ချည်ပိတ်ကိုက် ၄၀ ခန့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ပိဿာချိန် ၇၀၀ ထွက်ရှိမည်ဆိုပါက လူဦးရေသန်း ၅၀ တွင် တစ်ဦးလျှင် ချည်ပိတ်ကိုက် ၃၀ ခန့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **ဝါစိုက်ပျိုးမှုကို ဧက ၅ သိန်းစိုက်ပျိုးပြီး သတ်မှတ်ပန်းတိုင်ရည်မှန်းချက်များအတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းချည်သုံးစွဲမှုကို ဖူလုံစေမည်ဖြစ်သဖြင့် နိုင်ငံ့ဝင်ငွေရရှိရေးကို ကြီးမားစွာ အထောက်အကူပြုနိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးမှုကို ဝန်ကြီးဌာနများအနေဖြင့် အလေးထားဆောင်ရွက်ရန်လိုကြောင်း။

**ပြည်တွင်းမှထွက်ရှိသည့် ချည်များကို အထည်ချုပ်လုပ်ငန်းများတွင် အသုံးပြုနိုင်ခြင်းကြောင့် ချည်ထည်လုပ်ငန်းများဖြင့် CMP လုပ်ငန်းနှင့် MSME လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်**ကြောင်း၊ ချည်ထည်များကို တန်ဖိုးမြှင့်ချည်ထည်များအထိ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပပို့ကုန်များကိုပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ တန်ဖိုးမြှင့်ချည်ထည်များ ထုတ်လုပ်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနနှင့် တပ်မတော်ကို တာဝန်ပေးဆောင်ရွက်စေလျက်ရှိကြောင်း။

ကြံစိုက်ပျိုးမှုနှင့်ပတ်သက်၍ လက်ရှိပျမ်းမျှအထွက်နှုန်းမှာ ၂၆ တန်ခန့်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကြံနှင့်ပတ်သက်၍ လက်ရှိအထွက်နှုန်းအတိုင်း တွက်ချက်မည်ဆိုပါက ပြည်တွင်းဖူလုံမှုမှာ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၁၁၂ ရာခိုင်နှုန်းရှိကြောင်း၊ တန် ၃၀ နှုန်းဖြင့် တွက်ချက်မည်ဆိုပါက ပြည်တွင်းဖူလုံမှု ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ကြံစိုက်ပျိုးမှုကို စိုက်ဧကတိုးချဲ့ရန်မလိုဘဲ အထွက်နှုန်း ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အဆင့်မီစိုက်ပျိုးနိုင်ရေး၊ ကြံအထွက်နှုန်းများ တိုးတက်စေရေးနှင့် သကြားထုတ်လုပ်မှုတိုးတက်စေရေးတို့အတွက်လည်း ပြည်ပနိုင်ငံများနှင့်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ **ကြံစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာမည်ဆိုပါက ပြည်တွင်းသကြား လုံလောက်ရုံသာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်မည်ဖြစ်**ကြောင်း။

ကော်ဖီသီးနှံနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခင်တပ်မတော်အစိုးရလက်ထက်မှစ၍ ကော်ဖီစိုက်ပျိုးရေးကို အားပေးဆောင်ရွက်ခဲ့သော်လည်း လက်တွေ့လုပ်ဆောင်ရာ၌ လိုက်ပါလုပ်ဆောင်မှု အားနည်းခဲ့၍ အောင်မြင်မှုနည်းပါးခဲ့ကြောင်း၊ ကော်ဖီစိုက်ပျိုးရန်ခွင့်ပြုထားသည့် မြေများကို အခြားနည်းများဖြင့် သုံးစွဲနေကြခြင်းနှင့် သတ်မှတ်ထားသည့်အတိုင်း စိုက်ပျိုးခြင်းမပြုခြင်းများကြောင့်ဖြစ်သည်ကိုတွေ့ရှိရသဖြင့် မိမိတို့အနေဖြင့် ကော်ဖီများ စနစ်တကျစိုက်ပျိုးစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်ဖီထွက်ကုန်များသည် ကမ္ဘာပေါ်တွင် အမြဲလိုအပ်မှုရှိသည့် ကုန်ပစ္စည်းများဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကော်ဖီစိုက်ပျိုးနိုင်သည့် မြေနေရာများစွာရှိသဖြင့် ကော်ဖီစိုက်ပျိုးရေးစီမံကိန်းကို အောင်မြင်အောင် ဆောင်ရွက်မည်ဆိုပါက ကော်ဖီပို့ကုန်များကို များစွာမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **ယခုအချိန်မှစ၍ ကော်ဖီစိုက်ပျိုးရေးစီမံကိန်းများကို စတင်ဆောင်ရွက်သွားမည်ဆိုပါက နောင်ကာလများတွင် မိမိတို့နိုင်ငံသည် ကမ္ဘာပေါ်တွင် ကော်ဖီတင်ပို့သည့် ထိပ်တန်းနိုင်ငံသို့ ရောက်ရှိနိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးနှင့် ပတ်သက်၍လည်း အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

## နို့ထွက်ပစ္စည်းများထုတ်လုပ်နိုင်ရေး ကျွဲ၊ နွား မွေးမြူရေးလုပ်ငန်းများ အားပေးဆောင်ရွက်

မိမိတို့နိုင်ငံအနေဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ **ပြည်တွင်း၌ နွားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် ရေခံမြေခံနှင့် တိရစ္ဆာန်အစာများ လုံလောက်စွာရှိပြီးဖြစ်**ကြောင်း၊ အဓိကအားဖြင့် နည်းပညာအားဖြင့် မမြင့်မားသော နို့ထွက်ပစ္စည်းများဖြစ်သည့် နို့ဆီနှင့် နို့စိမ်းများကို ပြည်တွင်း၌လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နွားနို့သာမက ကျွဲနို့ကိုလည်း နို့ထွက်ပစ္စည်းအဖြစ် ထုတ်လုပ်နိုင်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို သမဝါယမအသင်းများဖွဲ့စည်း၍ မွေးမြူနိုင်ရေး ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ နွားမွေးမြူရေးနှင့် ကျွဲမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ နို့ထွက်ပစ္စည်းထုတ်လုပ်သည့်စက်ရုံများ တည်ဆောက်ပြီး ပြည်တွင်း၌ နို့ထွက်ပစ္စည်းများဖူလုံအောင် ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

## စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများတိုးတက်ခြင်းဖြင့် တစ်ဦးချင်းဝင်ငွေများ တိုးတက်လာပြီး နိုင်ငံ့စီးပွား တိုးတက်ပြောင်းလဲလာမည်

မိမိတို့အနေဖြင့် ပြည်ပမှ နှစ်စဉ်တင်သွင်းနေရသည့် စားသုံးဆီများ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ချည်ထည်ပစ္စည်းများကို ပြည်တွင်းလုံလောက်စွာ ထုတ်လုပ်နိုင်ပြီး ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက **နိုင်ငံခြားငွေသုံးစွဲမှုများကိုလျှော့ချနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လိုအပ်သည့် နိုင်ငံခြားငွေများကိုပါ ရရှိနိုင်မည်ဖြစ်**ကြောင်း၊ ကုန်ထုတ်လုပ်မှုများ တိုးတက်လာခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ပြည်သူတစ်ဦးချင်း၏ ဝင်ငွေများတိုးတက်လာပြီး လူမှုစီးပွားများတိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး များစွာပြောင်းလဲသွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး အမြဲမပြတ် တိုက်တွန်းပြောကြားနေခြင်းဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲတွင်လည်း တက်ရောက်လာကြသူများအနေဖြင့် နိုင်ငံ့အကျိုးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

❖ **ပြည်ပမှ နှစ်စဉ်တင်သွင်းနေရသည့် စားသုံးဆီများ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ချည်ထည်ပစ္စည်းများကို ပြည်တွင်းလုံလောက်စွာ ထုတ်လုပ်နိုင်ပြီး ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လိုအပ်သည့် နိုင်ငံခြားငွေများကိုပါ ရရှိနိုင်မည်ဖြစ်**

❖ **ဝါကြိတ်စက်၊ ချည်ငင်စက်၊ ချည်ထည်ပစ္စည်းများကို အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) များဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူများ အလုပ်ကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်သဖြင့် အမျိုးသားရေးအဖြစ် ဆောင်ရွက်စေလို**

## ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆီထွက်သီးနှံများ စိုက်ပျိုးထွက်ရှိမှုနှင့် ပြည်တွင်းဆီဖူလုံမှုအခြေအနေများ၊ ပြည်တွင်းဆီဖူလုံမှု တိုးမြှင့်နိုင်ရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှုနှင့် လျာထားချက်များအတိုင်း ထွက်ရှိလာမည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုများ တိုးတက်လာမည့်အခြေအနေများ၊ စိုက်ပျိုးထွက်ရှိလာသည့် ဆီထွက်သီးနှံများမှ ဆီများထုတ်လုပ်နိုင်ရေး ဆီကြိတ်စက်ရုံများ တည်ဆောက်ရန် လျာထားမှု၊ **ဝါစိုက်ပျိုးမှု၊ ထွက်ရှိမှုနှင့် ပြည်တွင်းချည်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဝါစေ့မှဆီထုတ်လုပ်၍ တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်မှု၊ ဝါစိုက်ပျိုးမှုတိုးချဲ့နိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ စိုက်ဧကများအမှန်အတိုင်း ကောက်ယူရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဝါမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ပြည်ပနိုင်ငံများနှင့် ပူးပေါင်းသုတေသနပြု စမ်းသပ်စိုက်ပျိုးဆောင်ရွက်လျက်ရှိမှု** အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကော်ဖီစိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ပြည်ပနိုင်ငံများသို့တင်ပို့ရောင်းချနိုင်မှု၊ ကြံများစိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ ဂျုံစိုက်ပျိုးမှုများ တိုးတက်ရေးဆောင်ရွက်နေမှု၊ နို့စားနွားများမွေးမြူ၍ နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နို့စားနွားများသာမက ဒေသနွားနှင့် ကျွဲများမှလည်း နို့များထုတ်လုပ်လျက်ရှိမှု၊ နို့ထွက်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် နို့စားနွားများ တိုးမြှင့်မွေးမြူရန်လိုအပ်မှု အခြေအနေများကိုလည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးခဲ့မှု၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများအတွက် သွင်းအားစုလိုအပ်ချက်များရရှိရေး ဝန်ကြီးဌာနအနေဖြင့် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိမှု၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းချည်ထည်များ ထုတ်လုပ်လျက်ရှိမှုနှင့် ပြည်တွင်းချည်လိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ချည်ထည်များထုတ်လုပ်ခြင်းကို MSME လုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်မှု၊ သကြားစက်ရုံများ လည်ပတ်ထုတ်လုပ်လျက်ရှိမှုအခြေအနေများကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာရေးနှစ်အလိုက် ဆီထွက်သီးနှံများ၊ ကော်ဖီထွက်ကုန်များ၊ ကြံထွက်ပစ္စည်းများ၊ ရော်ဘာထွက်ကုန်များနှင့် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရောင်းချနိုင်ခဲ့မှု၊ စားသုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးသွင်းအားစုများ၊ လယ်ယာသုံး စက်ကိရိယာပစ္စည်းများ၊ ပိုးသတ်ဆေးများ တင်သွင်းခဲ့မှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးလုပ်ငန်းများကို နှစ်အလိုက် ကြိုတင်လျာထားဆောင်ရွက်သင့်သည့် အခြေအနေများ၊ အရည်အသွေးမီ နေကြာဆီများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သင့်သည့် အခြေအနေများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညီညွှန့်ဖြစ်စေ... တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သကြားစက်ရုံများအလိုက် ကြံစိုက်ပျိုးမှုများ ဆောင်ရွက်လျက်ရှိမှုနှင့် ကြံမျိုးများအလိုက် သကြားထုတ်လုပ်နိုင်မှုအထွက်နှုန်းများနှင့် အထွက်နှုန်း တိုးတက်ရေးဆောင်ရွက်သွားမည့် အခြေအနေများ၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်၍ နို့ထွက်ပစ္စည်းများနှင့် အသား၊ ငါးများ ထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက ကြံစိုက်ပျိုးရေးလုပ်ငန်းများနှင့် သကြားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး သုတေသနပြုဆောင်ရွက်လျက်ရှိမှု၊ **စိုက်ပျိုးရေများလုံလောက်စွာရရှိရေး မြစ်ရေတင်လုပ်ငန်းများ၊ ချောင်းပိတ်ဆည်များ၊ စက်ရေတွင်းများနှင့် နေရောင်ခြည်စွမ်းအင်သုံးရေတင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သမဝါယမအသင်းအဖွဲ့များဖွဲ့စည်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု**များကို ရှင်းလင်းတင်ပြသည်။

## တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် ဆီထွက်သီးနှံများစိုက်ပျိုးရာတွင် စိုက်ဧကအမှန်အတိုင်း စိုက်ပျိုးရန်လိုကြောင်း၊ ရာသီအလိုက်စိုက်ပျိုးသည့် ဧကအမှန်အတိုင်း တင်ပြနိုင်ရန်လိုပြီး မည်သည့်ရာသီ၊ မည်သည့်သီးနှံများစိုက်ပျိုးသည်ဖြစ်စေ စိုက်ဧကများအတိုင်း အပြည့်အဝစိုက်ပျိုးနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးသီးနှံများကို စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များဖြင့် နည်းစနစ်တကျစိုက်ပျိုးနိုင်ရန်လိုကြောင်း၊ ထွက်ရှိသည့် ကြံများမှ သကြားအပြည့်အဝထုတ်လုပ်နိုင်ရေး စက်ရုံများ၏ ထုတ်လုပ်နိုင်မှုစက်စွမ်းအားများကို ပြန်လည်စစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်း၊ ကြံစိုက်ဧကများကို တိုးချဲ့ခြင်းထက် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်းချည်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးမြှင့်နိုင်ရန်လိုသကဲ့သို့ ချည်မျှင်စက်ရုံများ တိုးချဲ့တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ **ဝါကြိတ်စက်၊ ချည်ငင်စက်၊ ချည်ထည်ပစ္စည်းများကို အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) များဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူများ အလုပ်ကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်သဖြင့် အမျိုးသားရေးအဖြစ် ဆောင်ရွက်စေလို**ကြောင်း၊ နွားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျေးလက်ဒေသများ၌ ယခင်ကကဲ့သို့ ပြန်လည်တိုးတက်မွေးမြူရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် **မွေးမြူသူများအတွက် လက်လှမ်းမီသော ဈေးကွက်ဖန်တီးပေးရန်လို**ကြောင်း၊ **အိမ်၊ ကျေးရွာအလိုက် နွားနို့စုဆောင်းရန်နေရာ (Milk Collection Center) များပြုလုပ်၍ ဝယ်ယူပေးရန်လို**ကြောင်း၊ ၎င်းမှ ၂၄ နာရီအတွင်း နို့ချက်စက်ရုံသို့ ပို့ပေးနိုင်ရန်လိုကြောင်း၊ သွင်းကုန်ပစ္စည်းများကို တင်သွင်းရာတွင် ပြည်တွင်း၌ ထုတ်လုပ်၍ရနိုင်သည့် ပစ္စည်းများကို တင်သွင်းခြင်းထက် နိုင်ငံအတွက် အမှန်တကယ်လိုအပ်သည့် ပစ္စည်းများကိုသာ တင်သွင်းရန်လိုကြောင်း။

ပြည်တွင်း နို့ထွက်ပစ္စည်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး နို့စားနွား မွေးမြူခြင်းများကို တိုးချဲ့မွေးမြူရန်လိုကြောင်း၊ နို့ဆီ၊ နို့စိမ်း၊ အသင့်သောက်နွားနို့မှစ၍ နို့ထွက်ပစ္စည်းများအား အဆင့်မြင့်ထုတ်ကုန်များအထိ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် နို့ထွက်ပစ္စည်းစက်ရုံများ တည်ဆောက်လည်ပတ်နိုင်ရန် တိုင်းရင်းသားလုပ်ငန်းရှင်များကို ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ **မိုးစပါး ၁၄ သန်းကျော် စိုက်ပျိုးရေးလုပ်ငန်းမှထွက်ရှိသည့် ကောက်ရိုးများအား တိရစ္ဆာန်အစာများပြုလုပ်နိုင်သကဲ့သို့ ပျော့ဖတ်လုပ်ငန်းများတွင်လည်း အသုံးပြုနိုင်သဖြင့် အကျိုးရှိစွာ အသုံးပြုနိုင်ရန်လို**ကြောင်း၊ *စာမျက်နှာ ၅ သို့*

❒ **မိုးစပါး ၁၄ သန်းကျော် စိုက်ပျိုးရေးလုပ်ငန်းမှထွက်ရှိသည့် ကောက်ရိုးများအား တိရစ္ဆာန်အစာများ ပြုလုပ်နိုင်သကဲ့သို့ ပျော့ဖတ်လုပ်ငန်းများတွင်လည်း အသုံးပြုနိုင်သဖြင့် အကျိုးရှိစွာ အသုံးပြုနိုင်ရန်လို**

❒ **စိုက်ပျိုးသည်မှသည် ကုန်ချောထွက်ရှိသည်အထိ ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်နှင့် ကုန်ထုတ်လုပ်စားသုံးမှုကွင်းဆက် (Supply Chain) တစ်ခုလုံး၌ အလုပ်အကိုင်ရရှိမှု၊ ကုန်ထုတ်လုပ်မှုများ များစွာဆက်စပ်တိုးတက်လာမည်ဖြစ်**

*စာမျက်နှာ ၄ မှ*

ပြောင်းစိုက်ပျိုးရေး၌လည်း အလားတူပင်ဖြစ်ကြောင်း၊ လယ်ယာထွက်ကောက်ရိုးပင်စည်ပျော့တို့မှ သဘာဝမြေဩဇာ၊ ထင်းအစားထိုးလောင်စာ၊ တိရစ္ဆာန်အစာ၊ ကမ္ဘာ၌ လိုအပ်ချက်မြင့်မားသော ပျော့ဖတ်တို့ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

**ဆွေးနွေးခဲ့သည့်အချက်အလက်များအပေါ် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးဆောင်ရွက်မှုများသည် များစွာ အကျိုးရှိကြောင်း၊ ဆွေးနွေးခဲ့သည့်အတိုင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ဝါစိုက်ပျိုးရေးနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးတို့ကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ကေများတိုးချဲ့ခြင်းထက် တစ်ကေချင်းအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ **စတင်စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းသည့်အချိန်အထိ အဆင့်ဆင့် ထွက်ရှိလာသည်များသည် နိုင်ငံအတွက် များစွာ အကျိုးရှိမည်ဖြစ်**ကြောင်း၊ ပြည်တွင်း၌ **အလုပ်အကိုင်အခွင့်အလမ်းနှင့် ထုတ်လုပ်မှုများအတွက် တန်ဖိုးများမြင့်တက်လာမည်ဖြစ်**ကြောင်း၊ **စိုက်ပျိုးသည်မှသည် ကုန်ချောထွက်ရှိသည်အထိ ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် ကုန်ထုတ်လုပ်စားသုံးမှု ကွင်းဆက် (Supply Chain) တစ်ခုလုံး၌ အလုပ်အကိုင်ရရှိမှု၊ ကုန်ထုတ်လုပ်မှုများ များစွာဆက်စပ်တိုးတက်လာမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှုများအတွက် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ပညာရှင်များ မွေးထုတ်ပေးရာတွင် ဒီပလိုမာအဆင့်မှ ဘွဲ့ကြို၊ ဘွဲ့လွန်အထိ မွေးထုတ်ပေးနိုင်ရေး ကျောင်းများ တိုးချဲ့ပေးရန်လိုကြောင်း၊ မွေးမြူရေးဒီပလိုမာပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ မြန်ဆန်စွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနများအချင်းချင်း ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယနေ့ ဆွေးနွေးပွဲနှင့် ပတ်သက်၍ ရလဒ်များကောင်းမွန်သည်ကို တွေ့ရှိရပြီး **ဆွေးနွေးခဲ့သည့် အချက်အလက်များအပေါ် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လို**ကြောင်း ပြောကြားပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ်၊ ၁ /၂၀၂၄
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

## အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

၁။ အရန်တပ်ဖွဲ့ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ယင်းဥပဒေ ပုဒ်မ ၁၂ အရ အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေးဗဟိုအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | စစ်ဦးစီးအရာရှိချုပ်(ကြည်း)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (င) | စစ်ဦးစီးအရာရှိချုပ်(ရေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) | အဖွဲ့ဝင် |
| (စ) | စစ်ဦးစီးအရာရှိချုပ်(လေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) | အဖွဲ့ဝင် |
| (ဆ) | တွဲဖက်စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | အဖွဲ့ဝင် |
| (ဇ) | တွဲဖက်စစ်ထောက်ချုပ်<br>စစ်ထောက်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | ဒုတိယစစ်ရာထူးခန့်ချုပ်<br>စစ်ရာထူးခန့်ချုပ်ရုံး | အဖွဲ့ဝင် |
| (ည) | တွဲဖက်စစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ဋ) | ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်<br>တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး<br>တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံး | အတွင်းရေးမှူး |
| (ဍ) | ဒုတိယညွှန်ကြားရေးမှူး<br>တပ်အင်အားဖြည့်တင်းရေးညွှန်ကြားရေးမှူးရုံး | တွဲဖက်အတွင်းရေးမှူး |

ပြည်ထောင်စုဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန

# စာပေ သို့မဟုတ် အနုပညာလက်ရာများ မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ သိကောင်းစရာများ

စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များ၊ ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်များ၏အခွင့်အရေးများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကို အမိန့်ကြော်ငြာစာအမှတ် (၂၁၈/၂၀၂၃) ဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့တွင် အာဏာသက်ဝင်ခဲ့ပြီ ဖြစ်ပါသည်။ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စာပေနှင့် အနုပညာလက်ရာများ၊ ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၃)ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ်(၇၀/၂၀၂၃)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ မှတ်ပုံတင်လျှောက်ထားခြင်းအတွက် လိုအပ်သော လျှောက်လွှာပုံစံများကိုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၂၃)ဖြင့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ စာပေ သို့မဟုတ် အနုပညာလက်ရာ မှတ်ပုံတင်လျှောက်ထားခြင်း၊ ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ် မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ယင်းတို့နှင့်စပ်လျဉ်းသည့် လျှောက်ထားခြင်းများအတွက် လျှောက်လွှာပုံစံအမျိုးအစား ၁၃ မျိုးကို သတ်မှတ်ထုတ်ပြန်ထားပါသည်။ မှတ်ပုံတင်လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းနှင့်သက်ဆိုင်သည့် လျှောက်ထားမှုအမျိုးမျိုးအတွက် ပေးသွင်းရမည့်အခကြေးငွေများကို သတ်မှတ်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။ လျှောက်လွှာ တစ်စောင်ချင်းစီအတွက် သုံးစွဲသူလက်စွဲ (User Guideline) ကိုလည်း ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားလိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည့်အပြင် အီလက်ထရောနစ်စနစ်ကိုအသုံးပြုပြီး (Online Filing) နှင့်လည်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။ မှတ်ပုံတင်လျှောက်ထားရာတွင် မူပိုင်ခွင့်ပိုင်ရှင်ကိုယ်တိုင်လျှောက်ထားနိုင်သလို ကိုယ်စားလှယ်နှင့်လည်း လျှောက်ထားနိုင်ပါသည်။ နိုင်ငံခြားသားကလျှောက်ထားမည်ဆိုလျှင် မြန်မာနိုင်ငံသားကိုယ်စားလှယ်ကို မဖြစ်မနေခန့်အပ်ပြီး လျှောက်ထားရမည်ဖြစ်ပါသည်။

စာပေနှင့်အနုပညာမူပိုင်ခွင့်သည် မှတ်ပုံတင်ထားသည်ဖြစ်စေ၊ မှတ်ပုံမတင်ထားသည်ဖြစ်စေ မူပိုင်ခွင့်ကိုရရှိမည်ဖြစ်သော်လည်း မူပိုင်ခွင့်မှတ်ပုံတင်ထားခြင်းဖြင့် မူပိုင်ခွင့်အငြင်းပွားမှုများ ဖြစ်ပွားသည့်အခါ မှတ်ပုံတင်လက်မှတ်ကို ခိုင်လုံသော သက်သေအထောက်အထားအဖြစ် တရားစွဲဆိုရာတွင် တင်ပြနိုင်မည်ဖြစ်ပါသည်။

စာပေနှင့်အနုပညာမူပိုင်ခွင့်ဌာနခွဲ

## လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Gabar Motor Services Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFOX &T အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးယာဉ်အား သွင်းစက်များ၊ Super Seven Star Motors Industry Co.,Ltd က တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA NIRO အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)သို့တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌဖြစ်သည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

### အာဏာတည်အမိန့်သတ်မှတ်

အစည်းအဝေးတွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး ၃ ပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ၎င်းပြဋ္ဌာန်းခဲ့သည့် ဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၇/၂၀၂၄ ဖြင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှစ၍ အာဏာတည်အမိန့်ကို သတ်မှတ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ထိုသို့ အာဏာတည်သည့် အမိန့်ကို သတ်မှတ်ခဲ့ပြီး ၂၀၂၄ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များကို အဆင့်ဆင့်ဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ အနေနှင့် ခရိုင်၊ မြို့နယ်အဖွဲ့များကို ဆက်လက်ဖွဲ့စည်းသွားရမည် ဖြစ်ပြီး ဖွဲ့စည်းမှုပြီးပါက မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့သည် စစ်မှုထမ်းဆောင်ရမည့် အရွယ်ရောက်သူနိုင်ငံသားတိုင်းအား ဆင့်ခေါ်ခြင်း၊ မှတ်ပုံတင်ထားခြင်းတို့ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မှတ်ပုံတင်လက်မှတ်ရရှိထားသူများအား ဆင့်ခေါ်၍ ဆေးစစ်ဆေးခြင်းကို တပ်မတော်ဆေးစစ်ဆေးခြင်းဘုတ်အဖွဲ့ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းရန်အတွက် ဆင့်ခေါ်ခြင်းခံရသူ၏ လျှောက်လွှာအပေါ် စိစစ်ချက်နှင့် တပ်မတော် ဆေးစစ်ဆေးရေးဘုတ်အဖွဲ့၏ စစ်ဆေးတွေ့ရှိချက်၊ သဘောထားမှတ်ချက်တို့ကို ခရိုင်အဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြပြီး ၎င်းမှတစ်ဆင့်ဗဟိုအဖွဲ့သို့ ဆက်လက်တင်ပြရမည်ဖြစ်ပါကြောင်း။

### ထုတ်နုတ်ရှင်းလင်း

ပြည်သူ့စစ်မှုထမ်းဥပဒေကို အခန်း (၈)ခန်းနှင့် ပုဒ်မ(၃၃)ခုဖြင့် ပြဋ္ဌာန်းထားပြီး၎င်းပြဋ္ဌာန်းချက်များမှ အရေးကြီးသော အချက်များကို ထုတ်နုတ်ရှင်းလင်းလိုပါကြောင်း၊ စစ်မှုထမ်းရမည့် အသက်အရွယ် သတ်မှတ်ချက်အနေဖြင့် အမျိုးသားဖြစ်လျှင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၃၅)နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း၊ အမျိုးသမီးဖြစ်လျှင် အသက်(၁၈)နှစ် ပြည့်ပြီး အသက်(၂၇)နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း၊ ကျွမ်းကျင်သူ အမျိုးသားဖြစ်လျှင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၄၅) နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကို လည်းကောင်း၊ ကျွမ်းကျင်သူ အမျိုးသမီးဖြစ်လျှင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၅)နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း ဥပဒေအရသတ်မှတ်ထားပါကြောင်း။

**“စစ်မှုထမ်းရမည့် အသက်အရွယ် သတ်မှတ်ချက်အနေဖြင့် အမျိုးသားဖြစ်လျှင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၃၅)နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း၊ အမျိုးသမီးဖြစ်လျှင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၇)နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း၊ ကျွမ်းကျင်သူ အမျိုးသားဖြစ်လျှင် အသက် (၁၈) နှစ်ပြည့်ပြီး အသက်(၄၅)နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း၊ ကျွမ်းကျင်သူ အမျိုးသမီးဖြစ်လျှင် အသက် (၁၈)နှစ်ပြည့်ပြီး အသက်(၃၅)နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း ဥပဒေအရသတ်မှတ်ထား”**

စစ်မှုထမ်းရန်ကာလမှာ ၂၄ လ ဖြစ်ပြီး တပ်မတော်စက်မှုလက်မှုပညာသည်များအဖြစ် ဆင့်ခေါ်ခံရပါက ၃၆ လထက်မပိုသည့် ကာလအပိုင်းအခြားအတွက် စစ်မှုထမ်းရန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင် အရေးပေါ် အခြေအနေဖြစ်ပေါ်လျှင် အစိုးရအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းရန်ကာလကို ၅ နှစ်အထိ တိုးမြှင့်သတ်မှတ်နိုင်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပညာသင်ကြားနေသူများ၊ အခြားပြုစုစောင့်ရှောက်မည့်သူများ မရှိသော မိအို၊ ဖအိုများကို ပြုစုလုပ်ကျွေးနေသူများ၊ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ၊ ထောင်ဒဏ်ကျခံနေသူများကို ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်မည်ဖြစ်ပါကြောင်း၊ ယာယီရွှေ့ဆိုင်းထားသူများအတွက် စစ်မှုထမ်းဆောင်ရမည့် အသက်အရွယ် ကျော်လွန်စေကာမူ သတ်မှတ်ထားသော ပြည်သူ့စစ်မှုထမ်းဆောင်ရန် ကာလကို ပြည့်မီအောင် ပြန်လည်ထမ်းဆောင်ရမည် ဖြစ်ပါကြောင်း။

ပြည်သူ့ စစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်နှင့်ပတ်သက်၍ သာသနာ့ဝန်ထမ်းများ၊ အိမ်ထောင်သည် အမျိုးသမီးများအပြင် အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်ပါကြောင်း၊ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်း မသန်စွမ်းသူများ၊ တပ်မတော် ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်မလျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများသည် စစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ်မည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ ဖွဲ့စည်းမှုကိုလည်း အမြန်လျာထားတင်ပြရန် လိုအပ်ပါကြောင်း၊ ရှေ့ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များနှင့် နည်းဥပဒေ (မူကြမ်း)တို့ကိုလည်း ကြိုတင်လေ့လာနိုင်ရန် ဖြန့်ဝေထားပြီး ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင်ဖြစ်စေ၊ သီးခြားဖြစ်စေ အကြံပြုချက်များ၊ ဖြည့်စွက်သင့်သည့်အချက်များကို တင်ပြပေးစေလိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းကျင့်သုံးသည့် နိုင်ငံအချို့၏ ဖွဲ့စည်းဆောင်ရွက်မှုများကိုလည်း လေ့လာနိုင်ရန် ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း။

### တစ်ပြိုင်တည်းခေါ်ယူမည်မဟုတ်

လက်ရှိ မိမိတို့နိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအရ အကျုံးဝင်နိုင်သည့် လူဦးရေမှာ ၁၃ သန်းခန့်ရှိသည်ဟု သိရှိရပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းအဖြစ် ဆင့်ခေါ်ရာတွင် သတ်မှတ်ချက်နှင့် ကိုက်ညီသူအားလုံးကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ခေါ်ယူမည် မဟုတ်ဘဲ နေရာဒေသအလိုက်၊ မြို့နယ်အလိုက်၊ လူဦးရေပေါ်မူတည်၍ အချိုးအစားအလိုက် ခေါ်ယူသည့်စနစ်ကို ကျင့်သုံးသွားမည်ဖြစ်ပါကြောင်း၊ သင်တန်းတစ်ပတ်စဉ်တွင် ရပ်ကွက်တစ်ခု၊ ကျေးရွာတစ်ခုမှ အများဆုံးပါဝင်နိုင်မည့် အရေအတွက်မှာ တစ်ဦး၊ နှစ်ဦးထက်ပိုနိုင်မည်မဟုတ်ကြောင်း၊ အကျုံးဝင်သူများအနက် နှစ်စဉ်တက်ရောက်ရမည့် အရေအတွက်မှာ ၁ ရာခိုင်နှုန်းအောက်ပင်ရှိပါကြောင်းကိုလည်း ပြောကြားလိုပါကြောင်း၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် သတ်မှတ် Time Frame အတွင်း အချိန်မီပြီးစီးနိုင်ရန်အတွက်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

လိုအပ်သည့် လုပ်ငန်းအဖွဲ့များကိုလည်း ဖွဲ့စည်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် တပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၊ အုပ်ချုပ်–ထောက်ပံ့မှုဖြည့်တင်းရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ စစ်မှုထမ်းမည့်သူများအား စိစစ်ရေးလုပ်ငန်းအဖွဲ့၊ စာရင်းဇယားများ မှတ်ပုံတင်ရေးလုပ်ငန်းအဖွဲ့၊ သင်တန်းဖွင့်လှစ်နိုင်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ အလုပ်အကိုင် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ စသည်ဖြင့် ဖွဲ့စည်းရန်ဖြစ်ပါကြောင်း။

ထို့ကြောင့် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ အနေဖြင့် စာရင်းဇယားများ မှန်ကန်တိကျစွာဖြင့် စနစ်တကျဖြစ်စေရေးအတွက် စတင်ဆောင်ရွက်စဉ်ကပင် အလေးထားစီမံဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ Implementation Plan ကို အကောင်အထည်ဖော်ရန်အတွက် ကွန်ပျူတာစနစ်တစ်ခုရေးဆွဲပြီး ရှိပြီးသားစနစ်များနှင့် ချိတ်ဆက်စီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပိုမိုထိရောက်သော၊ ပွင့်လင်းမြင်သာမှုရှိသော၊ မျှတသော စစ်မှုထမ်းစနစ် ထွက်ပေါ်လာမည်ဖြစ်ပြီး ပြည်သူလူထု၏ ယုံကြည်မှုတည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး / ပြည်နယ်အလိုက် ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သတင်းအမှန်ကို အမြန်သိစေနိုင်ရေးအတွက်လည်း Social Media အပါအဝင် နည်းလမ်းမျိုးစုံသုံး၍ အလေးထားဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သင်တန်းဖွင့်လှစ်နိုင်ရေးအတွက် အခြေခံအဆောက်အဦများဖြစ်သည့် လေ့ကျင့်ရေးကွင်းများ၊ သင်တန်းသားအိပ်ဆောင်များ၊ ရေ၊ မီး၊ မိလ္လာ၊ သယ်ယူပို့ဆောင်ရေး စသည့်ကိစ္စရပ်များကိုလည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရန်နှင့် သတ်မှတ် Time Frame အတွင်းဝင်ရန် အစီအမံချမှတ်၍ ရေးဆွဲရန် လိုအပ်ပါကြောင်း၊ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအတွက်လည်း စနစ်တကျဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်သည့် သတင်းမှားဝေဖန်ပြောဆိုချက်များအား နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ပြည်သူလူထု သတင်းမှန်များ သိရှိနိုင်ရေး တုံ့ပြန်ဆောင်ရွက်ရမည့်အခြေအနေ၊ ပြည်သူ့စစ်မှုထမ်းခြင်း လုပ်ငန်းစဉ်များအား ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး အသိပညာပေးဆောင်ရွက်ရမည့် အခြေအနေ၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးနှင့် သတ်မှတ်ကာလအပိုင်းအခြားအလိုက် မှန်ကန်တိကျစွာဆောင်ရွက်နိုင်ရေး အဖွဲ့များအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများက ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူများ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရွက်နိုင်ရေး ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ၊ SOP ရေးဆွဲရေးတို့နှင့်စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်သင့်သည့် အကြောင်းအရာများ၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးလုပ်ငန်းစဉ်များ မှန်ကန်တိကျစွာဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် အကြံပြုရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်များက နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် များအလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များဖွဲ့စည်း၍ ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များ ဆောင်ရွက်သွားမည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက Time Frame နှင့် Guide Line များကို ချထားပေးပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းအလိုက် အဆင့်ဆင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို သတ်မှတ်ထားသော အချိန်ကာလအတွင်း ပြီးမြောက်အောင် မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ကြရန်လည်း လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသုံးစွဲရမည့် ကိစ္စရပ်များရှိလာနိုင်သည့်အတွက် ကြိုတင်တွက်ချက်ထားရန် လိုအပ်ပါကြောင်း၊ သတင်းထုတ်ပြန်မှုအပိုင်းများတွင်လည်း ပြည်သူလူထုအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး တယ်လီဖုန်း အော်ပရေတာများမှတစ်ဆင့် မက်ဆေ့ချ်များ ပေးပို့ဆောင်ရွက်နိုင်ပါကြောင်း၊ ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေသည် မိမိတို့ လက်ကိုင်ထားဆောင်ရွက်ရမည့် Guide Line ဖြစ်ပါကြောင်း၊ ပိုမိုအသေးစိတ်ဆောင်ရွက်ရမည့် နည်းဥပဒေကိုလည်း ဆက်လက်ထုတ်ပြန်နိုင်ရေး ဗဟိုအဖွဲ့တွင် ပါဝင်သည့် ဝန်ကြီးဌာနများ၊ တပ်မတော်နှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးကြပါရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာပြည်သူ့စစ်မှုထမ်းဥပဒေများကိုလည်း လေ့လာပြီး မိမိနိုင်ငံနှင့်ကိုက်ညီသည့် ဥပဒေ၊ နည်းဥပဒေများ ပေါ်ထွက်လာရေး ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်း သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ် ရတနာခန်းမ၌ ကျင်းပသည်။





အခမ်းအနားသို့ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသူများ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု လုပ်ငန်းများကို နားလည်သဘောပေါက်ပြီး ပြည်သူကို ဝန်ဆောင်မှု အပြည့်အဝပေးနိုင်ရန်၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၏ သဘောတရားများကို သိရှိနားလည်စေရန်၊ ဝန်ထမ်းတစ်ဦး သိရှိနားလည်ထားသင့်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဗဟုသုတများကို သိရှိနားလည်နိုင်စေရန်၊ ဝန်ထမ်းကျင့်ဝတ်၊ စည်းကမ်း၊ လုပ်ထုံး လုပ်နည်းများကို ပိုမိုကျေညက်စေရန်၊ ဝန်ထမ်းများကို အုပ်ချုပ်စီမံခန့်ခွဲရာတွင် ဦးဆောင်နိုင်မှု စွမ်းရည်မြင့်မားလာစေရန်နှင့် ပေးအပ်သည့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်သည့် အရည်အသွေးများ ရရှိစေရန် ယခုသင်တန်းကို ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းက ရရှိခဲ့သည့် ဘာသာရပ်ဆိုင်ရာ ဗဟုသုတ၊ အတွေ့အကြုံများကို လုပ်ငန်းခွင်တွင် အကျိုးရှိရှိ အသုံးချရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၀)၏ ဘွဲ့နှင်းသဘင် အခမ်းအနားကို တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်က ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာဘွဲ့ လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းကို အွန်လိုင်းဖြင့် ရက်သတ္တ ၁၆ ပတ်၊ In-House ဖြင့် ရက်သတ္တ ရှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၄၃ ဦး၊ သင်တန်းသူဦးရေ ၅၀ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ပြင်ဦးလွင်မြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် ( ၁ / ၂၀၂၄) သင်တန်းဆင်းပွဲကျင်းပ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁ / ၂၀၂၄) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၆) ကန်တော်လေးကန်ပေါင်၌ ကျင်းပသည်။



ရှေးဦးစွာ သင်တန်းဆင်းပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးသန့်ဇော်ဦးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ် (၁ /၂၀၂၄) သင်တန်း ထူးချွန်ဆုရရှိခဲ့သူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် ရေပြင်ရှာဖွေကယ်ဆယ်ရေးသရုပ်ပြခြင်းများကို သန္ဓေတပ်ဖွဲ့ဝင် ၁၅ ဦး၊ ရှာဖွေကယ်ဆယ်ရေး သင်တန်းသား ၅၀ စုစုပေါင်းသင်တန်းသား သင်တန်းသူ ၆၅ ဦးက လက်တွေ့ သရုပ်ပြသခဲ့ကြောင်း သိရသည် ။

**ဖြူလူသစ် (ပြန်/ဆက်)**

## ပန်ဆောင်မြို့နယ်အတွင်းရှိ တောင်သူများအား စိုက်ပျိုးရေးနည်းပညာပေး

**ပန်ဆောင် ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့အတွင်းမှ တောင်သူများအနေဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စိုက်ပျိုးရာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်ပြီး စိုက်ပျိုးရေးနည်းပညာပေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ပန်ဆောင်မြို့ ရိပ်သာခန်းမ၌ ပြုလုပ်သည်။

ထို့နောက် ပန်ဆောင်မြို့ အုပ်ချုပ်ရေးမှူး ဦးယိန်းဝါးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်က ပန်ဆောင်မြို့အတွင်းရှိ ရပ်ကွက်ကျေးရွာတို့မှ ဒေသခံတောင်သူများအား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ပျိုးရေး အလေ့အကျင့်ကောင်းများကို ရှင်းလင်းပြောကြားသည်။



ဆွေးနွေးပွဲတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ စိုက်ပျိုးရာတွင် အန္တရာယ်ကင်းစေသည့် အလေ့အကျင့်ကောင်းများ၊ မြေဆီလွှာ တိုးတက်ကောင်းမွန်စေရန်ပြုပြင်သည့် နည်းစနစ်များ၊ မျိုးကောင်း မျိုးသန့်သုံးစွဲခြင်းဖြင့် ရရှိစေမည့် အကျိုးကျေးဇူးများ၊ ပိုးသတ်ဆေးနှင့် မြေဩဇာ စနစ်တကျသုံးစွဲခြင်းဖြင့် ရရှိမည့် အကျိုး ကျေးဇူးများ၊ ပိုးသတ်ဆေးနှင့် မြေဩဇာစနစ်တကျသုံးစွဲနည်းစနစ်များ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများကို ပို့ချခဲ့ပြီး ဒေသခံတောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ **ဂျာယော် (ပန်ဆောင်)**

# ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများတွင် မြန်မာစာ၊ မြန်မာ့ပထဝီ၊ မြန်မာ့သမိုင်းဘာသာရပ်များကို မဖြစ်မနေသင်ကြားရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပုဂ္ဂလိကပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာနရှိ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ဆရာအတတ်ပညာကဏ္ဍများမှ ပါမောက္ခချုပ်များ၊ ပညာရေးမှူးများသည် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များ၊ လုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများနှင့် International School များတွင် ပုဂ္ဂလိကပညာရေးဥပဒေနှင့်အညီ မြန်မာစာ၊ မြန်မာ့ပထဝီ၊ မြန်မာ့သမိုင်းဘာသာရပ်များကို မဖြစ်မနေသင်ကြားကြရမည်ဖြစ်ပြီး နေ့စဉ် နိုင်ငံတော်အလံအလေးပြုခြင်း၊ နိုင်ငံတော်သီချင်းသီဆိုခြင်းများ ပြုလုပ်ကြရမည်ဖြစ်ကြောင်း၊ ခရိုင်ပညာရေးမှူးများအနေဖြင့် မိမိတို့ခရိုင်အတွင်းရှိ ဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူစာရင်းများ၊ သင်ကြားသင်ယူနေမှုအခြေအနေနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ထဲထဲဝင်ဝင် ကြီးကြပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသရှိ မိမိတို့တက္ကသိုလ်ရှိ ဆရာ ဆရာမများ ပညာရေးအရည်အသွေးမြှင့်တင်ပေးရန် သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန်လိုအပ်ကြောင်း၊ ဆရာ ဆရာမများ အရည်အသွေးမြင့်နေမှသာ အရည်အသွေးရှိသော မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ညီညီညွတ်ညွတ် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ (ဝဲပုံ)



ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်ရေးဆိုင်ရာများ၊ ပုဂ္ဂလိကကျောင်းမှတ်ပုံတင်ရေးနှင့် ပုဂ္ဂလိကကျောင်းဆရာမှတ်ပုံတင်လက်မှတ် သင်တန်းဖွင့်လှစ်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် နွေရာသီတွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း၌ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်နှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းတို့က ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာသူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၄ ခုနှစ် (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာမိသားစုထမနဲထိုးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ၂၀၂၄ ခုနှစ် (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာ မိသားစုထမနဲထိုးပြိုင်ပွဲကို ယနေ့တွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၇)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ စုံညီစွာတက်ရောက်ကြပြီး ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ထမနဲထိုးပြိုင်ပွဲကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ် – ၁၉ ရောဂါဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီကျင်းပခဲ့ပြီး နေပြည်တော်ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနနှင့်ဝန်ထမ်းရေးရာဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများပါဝင်သည့်အသင်း သုံးသင်းစီဖြင့် စုစုပေါင်း ကိုးသင်း ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကြရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အားပေးကြည့်ရှုပြီး အကဲဖြတ်အမှတ်ပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ပထမဆုရရှိသည့် ဥက္ကဋ္ဌရုံးအဖွဲ့ အဖွဲ့ (၂) အသင်း၊ ဒုတိယဆုရရှိသည့် ဝန်ထမ်းရေးရာဦးစီးဌာန အဖွဲ့(၁) အသင်းနှင့် တတိယဆုရရှိသည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန အဖွဲ့(၃) အသင်းတို့ကို လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များက နှစ်သိမ့်ဆုရရှိကြသည့် အသင်းများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးအေးကျော် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)ရှိ ပဲခူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သတ်မှတ်ကာလအတွင်း မီတာများပုံမှန်ဖတ်ရှုရေး အထူးအလေးထား ဆောင်ရွက်ကြရန်၊ ဓာတ်အားခငွေများ အလွဲသုံးစားမှု မဖြစ်ပေါ်စေရေးနှင့် အပြည့်အဝ ကောက်ခံရရှိရေး တာဝန်ရှိသူများက အထူးကြပ်မတ်ဆောင်ရွက်ရန်၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးနှင့် ဓာတ်အားပြတ်တောက်မှု နည်းပါးစေရေး၊ ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသည့်သစ်ပင်နှင့် သစ်ကိုင်းများ ပုံမှန်ရှင်းလင်းခုတ်ထွင်သွားရန်၊ ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြား၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ငွေကောက်ကောင်တာတွင် ပြည်သူများ ဓာတ်အားခ လာရောက်ပေးဆောင်နေမှုနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပဲခူးမြို့အတွင်း ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် ၃၃ ကေဗွီ အမှတ်(၂) ဓာတ်အားခွဲရုံသို့ ရောက်ရှိရာ တာဝန်ရှိသူများက ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အား ဖြန့်ဖြူးပေးနေမှုနှင့် Switch Yard အတွင်း ဓာတ်အားလိုင်းများ၊ ဓာတ်အားလွှတ်ပစ္စည်းများအခြေအနေနှင့် မိုးရာသီကာလတွင် ဓာတ်အားခွဲရုံသို့ရေဝင်ရောက်မှုမရှိစေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေး၍ ဓာတ်အားခွဲရုံဝင်းအတွင်း ဝန်ထမ်းများ စိုက်ပျိုးထားရှိသည့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၂၃၀ ကေဗွီ လှော်ကား ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ Switch Yard အတွင်း ဓာတ်အားလိုင်းများနှင့် ဓာတ်အားလွှတ်ပစ္စည်းများ၏ အခြေအနေ၊ လက်ရှိ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုအခြေအနေနှင့် အသစ်တိုးချဲ့တည်ဆောက်မည့် ၂၃၀ ကေဗွီ အရှေ့ဒဂုံ – လှော်ကား ဓာတ်အားလိုင်း၊ ၂၃၀ ကေဗွီ ဝါးတရာ – လှော်ကားဓာတ်အားလိုင်းတို့အတွက် Switch – Bay နေရာလျာထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးကုတ်မြို့၌ ကိုဗစ် - ၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံ

**မိုးကုတ် ဖေဖော်ဝါရီ ၁၆** – မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်–၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းကို ဖေဖော်ဝါရီ ၁၄ ရက်က ခုတင်(၁၀၀) ပြည်သူ့ဆေးရုံ၌ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါကာကွယ်ဆေးထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ကျော်နှင့် အဖွဲ့ဝင်များက ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမည့် ဌာနဆိုင်ရာဝန်ထမ်းများကို လိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ကာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ICT နည်းပညာကို အကျိုးရှိစွာအသုံးချပြီး နည်းပညာဆိုင်ရာလေ့လာမှု၊ တီထွင်ဖန်တီးမှုများနှင့် သုတေသနလုပ်ဆောင်မှုများသည် ပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှုအတွက် အကျိုးပြုနိုင်ရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ်က ကျောင်းဆိုင်ရာများနှင့် ပင်မခြောက်ထပ်ဆောင် တည်ဆောက်နေမှုနှင့်စပ်လျဉ်း၍ လုပ်ငန်းပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ခြင်းဖြင့် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လူ့အဖွဲ့အစည်းကိုပံ့ပိုးကူညီရန်၊ ICT နည်းပညာကို အကျိုးရှိစွာအသုံးချပြီး နည်းပညာဆိုင်ရာလေ့လာမှု၊ တီထွင်ဖန်တီးမှုများနှင့် သုတေသနလုပ်ဆောင်မှုများသည် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် လက်တွေ့ကျကျအကျိုးပြုနိုင်ရေး ဦးတည်ဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်နည်းပညာတက္ကသိုလ်သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှု၊ လက်တွေ့ခန်းများ၊ ကွန်ပျူတာခန်းများ၊ သင်ထောက်ကူပစ္စည်းများ၊ စာကြည့်တိုက်နှင့် အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် သင်ကြားသင်ယူမှု အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊ သင်ကြားရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေး၊ တက္ကသိုလ်နှင့် ကျောင်းများအားလုံး ဥပဓိရုပ်ကောင်းမွန်ရေးကို အဓိကထား ဆောင်ရွက်ရေး၊ သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးပြီး ကျောင်းအတွင်းအပြင် သန့်ရှင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေးကို ဦးစားပေးဆောင်ရွက်ကြရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ တက္ကသိုလ်အတွင်း ပင်မသုံးထပ်စာသင်ဆောင်သစ် တည်ဆောက်နေမှု၊ စာသင်ခန်း၊ Lab ခန်း၊ စာကြည့်တိုက်၊ အားကစားရုံများနှင့် ဘောလုံးကွင်းသစ် တည်ဆောက်မည့်နေရာများကို ကြည့်ရှုစစ်ဆေးပြီး ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးနည်းကို နည်းစနစ်ကျကျစိုက်ပျိုးမှသာ ပန်းတိုင်အထွက်များ တိုးတက်ထွက်ရှိပြီး တစ်ဦးချင်းဝင်ငွေများ တိုးလာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

တောင်သူစိုက်ကွင်း သီးနှံအကန့်လိုက်စိုက်ပျိုးနည်းစနစ် (Strip Cropping) ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာအနီး ပင်လောင်းလမ်းဘေးရှိ တောင်သူစိုက်ခင်းအနီး ယာယီရှင်းလင်းဆောင်၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့မှ တောင်သူများ တက်ရောက်ကြသည်။

ကွင်းသရုပ်ပြပွဲတွင် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဝင်းထိန်က နေပြည်တော်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ သီးနှံအကန့်လိုက် စိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဆောင်းသီးနှံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စပါးအပါအဝင် ဆီထွက်သီးနှံများ၊ ဆောင်းသီးနှံများ၊ နွေသီးနှံများ အထွက်နှုန်းကောင်းမွန်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းစနစ်များကို လစ်ဟာမှုမရှိဘဲ စနစ်တကျ လိုက်နာဆောင်ရွက်ကြရန်၊ မြေများကို လှပ်ထားခြင်းမပြုရန်နှင့်သီးထပ်စွမ်းအားများ တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ ထို့ပြင် ဒေသတွင်း စားသုံးဆီဖူလုံရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာဆီ စသည့် ဆီထွက်သီးနှံများကို တိုးချဲ့ပြီး စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးနည်းကို နည်းစနစ်ကျကျ စိုက်ပျိုးမှသာ ပန်းတိုင်အထွက်များ တိုးတက်ထွက်ရှိပြီး တစ်ဦးချင်းဝင်ငွေများ တိုးလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်တို့က ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့မှ တောင်သူများထံ ပေါင်းစည်းလယ်ယာသဘာဝမြေဩဇာများ၊ GW – 11 အထွက်တိုးမျိုးစပါးများနှင့် နှမ်းနက်မျိုးစေ့များကို ထောက်ပံ့ပေးအပ်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



အဆိုပါ သီးနှံအကန့်လိုက်စိုက်ပျိုးနည်းစနစ် (Strip Cropp–ing) စမ်းသပ်စိုက်ခင်းအတွင်း သီးနှံ ၁၈ မျိုး စိုက်ပျိုးထားပြီး သီးနှံစုံ အကန့်လိုက်စိုက်ပျိုးမှု ဆောင်ရွက်ခြင်းဖြင့် မြေတစ်ကွက်ထဲတွင် သီးနှံဇီဝမျိုးကွဲစုံလင်စွာ စိုက်ပျိုးနိုင်ခြင်း (On Farm Crop Diversification) ကြောင့် တစ်ကွက်ထဲမှ အထွက်နှုန်းပိုမိုရရှိစေခြင်း၊ ရာသီဥတုဖောက်ပြန်မှုနှင့် ပိုးမွှားရောဂါကျရောက်မှုကြောင့် သီးနှံအလုံးစုံ ဆုံးရှုံးမှုအန္တရာယ်မှ ရှောင်လွှဲနိုင်ခြင်း၊ သီးနှံတစ်မျိုးနှင့်တစ်မျိုး ရေနှင့် အာဟာရဓာတ်လိုအပ်ချက်မတူညီသောကြောင့် ရေနှင့် မြေအရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်ခြင်းဖြင့် မြေဆီလွှာကျန်းမာရေးကို ကောင်းမွန်စေခြင်း၊ ဇီဝမျိုးကွဲစုံခြင်းကြောင့် အပင်ရောဂါနှင့် ပိုးမွှားကျရောက်မှု သက်သာစေခြင်း၊ ဓာတုပိုးသတ်ဆေး အသုံးပြုမှု လျှော့ချနိုင်ခြင်းဖြင့် မိတ်ဆွေပိုးများတိုးလာစေပြီး စားသုံးသူဘေးအန္တရာယ်ကင်းစေခြင်း၊ သီးနှံမျိုးအပေါ်မှုတည်၍ ဝယ်လိုအားသီးခြားရှိနိုင်ခြင်းကြောင့် ဈေးကွက်အခွင့်အလမ်းတိုးမြင့်ကာ အကျိုးအမြတ်များစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဦးသက်ဇော်လှိုင်က လက်ခံရယူသည်။ ထို့နောက် Junior Golf Myanmar (JGM) ဒုတိယဥက္ကဋ္ဌ ဦးရန်အောင်မိုးက အသက်အငယ်ဆုံးနှင့် ကြိုးစားယှဉ်ပြိုင်သောလင်းမြတ်မွန်ကို လည်းကောင်း၊ မြန်မာဂေါက်သီးရိုက် အသင်းဥက္ကဋ္ဌ ဒေါက်တာချိုထွန်းက အသက် ၁၂ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၈၁ ချက်ဖြင့် ဒုတိယဆုရရှိသော ရဲမင်းသန့်ကိုလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၆၁ ချက်ဖြင့် ပထမဆုရရှိသော Choi Hwan ကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက အမျိုးသမီးသက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၂၃၂ ချက်ဖြင့် တတိယဆုရရှိသော ယုယုကို လည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၂၃၂ ချက်ဖြင့် ဒုတိယဆုရရှိသော နှင်းထက်သံလွင်ကို လည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၈၈ ချက်ဖြင့် ပထမဆုရရှိသော မိုးမခကျော်သူကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။



ယင်းနောက် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးမြင့်အောင်က အသက်၁၄ နှစ်အောက် သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၇၀ ဖြင့် တတိယဆုရရှိသော ခန့်ဘုန်းလျှံကို လည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၇၀ ဖြင့် ဒုတိယဆုရရှိသော လုံမျိုးစံကို လည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၆၈ ချက်ဖြင့် ပထမဆုရရှိသော ထွန်းထွန်းဦးကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအားကစား အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက အသက် ၁၈ နှစ်အောက် သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၃ ချက်ဖြင့် တတိယဆုရရှိသော ကောင်းထက်ကို လည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၆၀ ဖြင့် ဒုတိယဆုရရှိသော အောင်မင်းခန့်ကို လည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၅၉ ချက်ဖြင့် ပထမဆုရရှိသော Locadio K တို့ကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။(ဝဲပုံ)

**ကိုညီလေး**

**ဓာတ်ပုံ–MGF**

# မလှိုင်မြို့၌ မူကြိုရင်သွေးငယ်များ၏ ကာယ၊ ဉာဏ၊ စွမ်းရည်ပြိုင်ပွဲကျင်းပ

**မလှိုင် ဖေဖော်ဝါရီ ၁၆**

မလှိုင်မြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီက ကြီးမှူး၍ ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ် မြို့နယ်မိခင်နှင့်ကလေး အသင်းပိုင်မူကြိုကျောင်းမှ ကလေးငယ်များ၏ ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇေယျာအောင်သံခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က အမှာစကားပြောကြားပြီး ကာယစွမ်းရည်ပြိုင်ပွဲတွင် ကလေးများက မော်ဒယ်ရှိုးပြိုင်ပွဲဖြင့်လည်းကောင်း၊ ဉာဏစွမ်းရည်ပြိုင်ပွဲတွင် အကြီးတန်း၊ အငယ်တန်း ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြကာ ဆုရရှိသည့်ကလေးများကို မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများနှင့် မူကြိုကျောင်းတာဝန်ခံဆရာမများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**

# ကိုယ့်အိမ်ကိုယ်ကာကွယ်ရန် မိသားစုတိုင်းတာဝန် .. ကိုယ့်ပြည်ထောင်စုကိုယ်ကာကွယ်ရန် ပြည်ထောင်စုသားတိုင်းတာဝန် ...

တက္ကသိုလ်မြတ်သူ

ဇာတိချက်ကြွေ၊ ရန်အောင်မြေနှင့်၊
သွန်းရေခံရာ၊ ခန်းဝါထင်ရှား၊
ဤသုံးပါး–မေ့ပြေးမရှိရာ။

မဟာမင်းလှမင်းခေါင် ဦးရွှန်း ရေးဖွဲ့ခဲ့သော မဟာသုတသောမ ပျို့နိဒါန်းတွင် လူတို့ တစ်သက်ဘဝခရီးတစ်လျှောက် မမေ့အပ်သော နေရာဒေသသုံးခုကို ဖော်ညွှန်း ပြခဲ့ပေသည်။ (၁) မိမိတို့ဇာတိချက်ကြွေ မွေးရပ်မြေဆိုသည်မှာ မြန်မာတို့အတွက်မူ ဤမြန်မာ့မြေ မြန်မာ ပြည်ထောင်စုပိုင်နက် နယ်မြေသည် မြန်မာအားလုံး မမေ့မလျော့ ရှိရမည့်မြေဖြစ်သည်။ (၂) ရန်အောင်မြေဆိုသည်မှာ ရေးဘုရင်များအဖို့ ရန်သူနှင့် တိုက်ခိုက်၍ အောင်မြင်သော နေရာဒေသကိုလည်း မမေ့ရ ဟု ဆိုပါသည်။ (၃) မြန်မာတိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် ဆိုရပါမူ နိုင်ငံကိုကျူးကျော်၊ ကျွန်ပြု၊ ဖိနှိပ်၊ ညှဉ်းပန်း၊ သွေးစုပ် ခြယ်လှယ်သော နယ်ချဲ့သမားတို့လက်မှ မြန်မာ့မြေ၊ မြန်မာပြည်သူ အားလုံးတို့၏ အချုပ်အခြာအာဏာကို ပြန်လည်တိုက်ယူအောင်မြင် ခဲ့သဖြင့် ၄–၁–၁၉၄၈ ရက်နေ့တွင် လွတ်လပ်ရေးပြန်ရခဲ့သည်။ ထိုနေ့ ထိုရက်၊ ထိုအောင်ပွဲကြောင့် မြန်မာတို့လက် ပြန်ရောက်လာသော လွတ်လပ်ရေး၊ လွတ်လပ်သည့် မြန်မာပြည်ထောင်စုမြေ၊ မြန်မာ့မြေ၊ မြန်မာဘိုးဘွားအမွေအနှစ်မှ မြန်မာ့မြေကိုလည်း အစဉ်သတိတရ တန်ဖိုးထားကြရပေမည်။

လွတ်လပ်ရေးရသည့် ၄–၁–၁၉၄၈ ရက်နေ့ မြန်မာတို့က ကမ္ဘာသိ ထုတ်ပြန်ကြေညာသော လွတ်လပ်ရေးကြေညာစာတမ်းတွင် **“ငါတို့၏ လွတ်လပ်ရေးကို ငါတို့ ချစ်မြတ်နိုးသည်နှင့်အညီ တစ်ပါးသူတို့၏ လွတ်လပ်ရေးကိုလည်း ငါတို့ လေးစားစောင့်စည်းမည်။ ငါတို့သည် ငြိမ်းချမ်းရေးကို အလိုရှိသည်နှင့်အညီ ငါတို့ကဲ့သို့ လိုလားသူများနှင့် အတူလက်တွဲ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်မည်။ ဤ ငါတို့ ကြေညာချက်ကို တစ်ကမ္ဘာလုံး တစ်ယောက်မကျန် ကြားသိစေသတည်း။”**

### အာဏာလုတိုက်ခိုက် သတ်ဖြတ်ပွဲ၊ အကြမ်းဖက်သောင်းကျန်းမှုကြီး ဖြစ်ပွားစေခဲ့

တိုင်းရင်းသားစုံ မြန်မာပြည်သူအားလုံးက လွတ်လပ်လာသော နိုင်ငံတော်တွင် ရေ၊ မြေကောင်း၊ သယံဇာတ၊ ဓနဥစ္စာ ရတနာ ကြွယ်ဝသဖြင့် လွတ်လပ်ပြီး မကြာမီ ချမ်းသာကြွယ်ဝလာသော နိုင်ငံတော်၏ အသီးအပွင့် လွတ်လပ်သည့်အရသာ ခံစား စံစားနိုင်ကြ တော့မည်ဟု မျှော်လင့်တွက်ဆကာ ပထမဆုံးသော လွတ်လပ်ရေး အောင်ပွဲကို အူလှိုက်သည်းလှိုက် ပျော်ပျော်ပါးပါး၊ ပီတိတဝေဝေ ဖြင့် ဆင်နွှဲခဲ့ကြသည်။ ပြည်သူများ၏ ထိုသို့ တရားမျှတ၍ သဘာဝ ကျသောဆန္ဒကို ဖြည့်ဆည်းပေးကြမည့်အစား ပြည်သူတွေအသက် ဖက်နှင့်ထုပ် ပြေးနေရအောင် အာဏာလုတိုက်ခိုက် သတ်ဖြတ်ပွဲ၊ အကြမ်းဖက်သောင်းကျန်းမှုကြီး ဖြစ်ပွားစေခဲ့ကြသည်။

မည်သို့ဆိုစေ နိုင်ငံတော်တွင် အရေးကြုံတိုင်း ဝင်ရောက်ထိန်းသိမ်း ကာကွယ်ပေးရသော မြန်မာ့တပ်မတော်သည် တိုင်းရင်းသားပြည်သူ တို့နှင့် တစ်သက်မခွဲ၊ အမြဲလက်တွဲ ဆောင်ရွက်ခဲ့ကြပေသည်။ ပြည်ထောင်စုမှ ခွဲထွက်ပြီး သီးခြားနိုင်ငံ ထူထောင်ရန် မျိုးဖျက်၊ ပြည်ဖျက်များက အကွက်ဖန်လာတိုင်း တပ်မတော်က အခွဲမခံ၊ အကွဲ မခံ သေနတ်တပြင်ပြင်လုပ်ရုံရှိသေးသည်၊ တိုင်းရင်းသားပြည်သူများက ထိုခွဲထွက်မှုကို ဆန့်ကျင်ကြ၊ ကန့်ကွက်ကြ၊ ရှုတ်ချကြဖြင့် ရှေ့တန်းက ထွက်လာကြပေသည်။

ယနေ့ခေတ်တွင် အနောက်နယ်ချဲ့ရုပ်သေးရုပ်များက မြန်မာနိုင်ငံကို အာဏာရယူပြီး နယ်ချဲ့လက်သို့ အဖိုးအခယူရောင်းစားရန် မဲလိမ်၊ မဲခိုး၊ မသမာပစ္စည်းမျိုးစုံဖြင့် လုပ်လာကြရာမှ သိကြသည့်အတိုင်း ရဟန်းသံဃာအပါး ၇၀ ကျော်၊ သီလရှင်နှစ်ပါး၊ ကျောင်းသား၊ ဆရာ၊ ဆရာဝန်၊ ဝန်ထမ်း၊ ပြည်သူ ၆၀၀၀ ကျော်ကို အကြောင်းမဲ့ သတ်ဖြတ်ကြ၊ အစိုးရငွေ၊ ဘဏ်ငွေ၊ ပုဂ္ဂလိက ရွှေငွေပစ္စည်းများဓားပြတိုက် လုယက်လာကြသည့် အကြမ်းဖက်နိုင်ငံသစ္စာဖောက်များ ထကြွလာ သည်။ ငွေကြေး၊ လက်နက်၊ စစ်ရေးအကူအညီ၊ ငွေလိမ်ဖြန့် ဗန်းတင် ပေးလေသဖြင့် NUG ၊ PDF များ၊ ကမ္ဘာကျော် မူးယစ်ဆေးဝါးရာဇာ၊ လောင်းကစားလူလိမ်ဂိုဏ်း၊ လူသတ်ဆက်ကြေးကောက်၊ ဓားပြတိုက် နေကြသော MNDAA ၊TNLA ၊ AA ၊ KIA စသည့် အကြမ်းဖက် အဖွဲ့များ က ပြည်ထောင်စုပြိုကွဲစေရန် အင်အားအလုံးအရင်းဖြင့် အကြမ်းဖက် တိုက်ခိုက်လာခဲ့သည်။ တပ်မတော်က ပြန်လည်ချေမှုန်း ချိန်တန်သည် နှင့် ဆက်တိုက်ချေမှုန်းနေရပေသည်။

### နိုင်ငံတော်ကိုငြိမ်းချမ်းစေပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ ပြည်သူတို့ ဦးထမ်းပဲ့ထမ်းပါဝင် ဆောင်ရွက်ကြရမဲ့ဖြစ်

ပြည်သူများ၊ စာနယ်ဇင်းအချို့မှ ကလောင်သမားများက တပ်မတော်အနေဖြင့် ချေမှုန်းသင့်ပြီ၊ ပြည်သူတို့ကလည်း ပါဝင် ချေမှုန်းလိုကြပြီ၊ လက်နက်သာ ထုတ်ပေးပါ စသည်ဖြင့် မြင်ရာ၊ တွေ့ရာ ရေးသားဖော်ပြကြသည်။ လက်တွေ့ ထိုအကြမ်းဖက်သတ်ဖြတ်၊ လုယက်၊ မီးရှို့၊ ဖောက်ခွဲဖျက်ဆီးခံနေရသော ကျေးလက်ပြည်သူများစွာ ကလည်း လူမဆန်သော အကြမ်းဖက်များကို သူတို့ ပါဝင်ချေမှုန်း လိုပြီဆိုသောအသံများ နေရာများစွာမှ ပေါ်ထွက်လာသည်။ နိုင်ငံ တစ်ခု မပြိုကွဲအောင်၊ ကျွန်ပြန်မဖြစ်အောင် ထိန်းသိမ်းကာကွယ်ရာ၌ လည်းကောင်း၊ နိုင်ငံတော်ကို ငြိမ်းချမ်းစေပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာလည်းကောင်း ပြည်သူတို့ ဦးထမ်းပဲ့ထမ်းပါဝင် ဆောင်ရွက်ကြရမဲ့ဖြစ်သည်။ ထို့ကြောင့် ပြည်ဖျက်ရန်မှုန်သမျှ ချေမှုန်း ရန် တက်ကြွဖျတ်လတ်သော လူငယ်လူလတ် တိုင်းရင်းသား ပြည်သူ များ ပူးပေါင်းပါဝင်ချိန် ရောက်ပါပြီ။ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) အခန်း (၇) တပ်မတော်ခေါင်းစဉ်အောက်မှ ပုဒ်မ ၃၉၉ တွင်–

ပုဒ်မ ၃၃၉ ။ ။ “နိုင်ငံတော်အား ပြည်တွင်းပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်” ဟူ၍လည်း ကောင်း။

ပုဒ်မ ၃၄၀ တွင် “တပ်မတော်သည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံ ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင် ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာ ဗျူဟာကို ဖော်ဆောင်ရမည်” ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။

၂၀၀၈ အခြေခံဥပဒေ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလ အခွင့်အရေးနှင့်တာဝန်များ ခေါင်းစဉ်အောက်တွင်–

ပုဒ်မ ၃၈၃ ။ ။ နိုင်ငံသားတိုင်းသည် အောက်ပါတို့ကို စောင့်ထိန်း ရန် တာဝန်ရှိသည် –

(က) ပြည်ထောင်စုမပြိုကွဲရေး
( ခ ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး
( ဂ ) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး

ပုဒ်မ ၃၈၅ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ် သော အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို ကာကွယ် စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

ပုဒ်မ ၃၈၆ ။ ။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်း ရန် တာဝန်ရှိသည်။

နိုင်ငံတော်လုံခြုံရေး၊ တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်ချိန်တွင် တိုင်းရင်းသား ပြည်သူများပါ (ဥပဒေဖြင့်သတ်မှတ်ထားသည့် အသက် အရွယ်၊ အနေအထားအတိုင်း) စစ်မှုထမ်းနိုင်ရန် ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သည်။

ယင်းဥပဒေပုဒ်မ(၁) ပုဒ်မခွဲ(ခ)အရ အဆိုပါဥပဒေ ၂၇/၂၀၁၀ အာဏာတည်ကြောင်း သတ်မှတ်ပြဋ္ဌာန်းရပေသည်။ သို့ဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ၁၀–၂–၂၀၂၄ ရက်နေ့ ၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၇/၂၀၂၄ ဖြင့် အောက်ပါအတိုင်း ကြေညာလိုက်သည်–

“၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှု ထမ်း ဥပဒေသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ မှ စတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ) အရ သတ်မှတ်သော အမိန့်ညွှန်ကြားချက်ပါရှိကာ မင်းအောင်လှိုင် ဗိုလ်ချုပ်မှူးကြီး ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လက်မှတ်ရေးထိုး ထုတ်ပြန်သည်။

*စာမျက်နှာ ၁၁ သို့*

**❑ ယနေ့ခေတ်တွင် အနောက်နယ်ချဲ့ ရုပ်သေးရုပ်များက မြန်မာနိုင်ငံကို အာဏာရယူပြီး နယ်ချဲ့လက်သို့ အဖိုး အခယူရောင်းစားရန် မဲလိမ်၊ မဲခိုး၊ မသမာပစ္စည်းမျိုးစုံဖြင့် လုပ်လာကြရာမှ သိကြသည့်အတိုင်း ရဟန်းသံဃာအပါး ၇၀ ကျော်၊ သီလရှင်နှစ်ပါး၊ ကျောင်းသား၊ ဆရာ၊ ဆရာဝန်၊ ဝန်ထမ်း၊ ပြည်သူ ၆၀၀၀ကျော်ကို အကြောင်းမဲ့ သတ်ဖြတ်ကြ၊ အစိုးရငွေ၊ ဘဏ်ငွေ၊ ပုဂ္ဂလိက ရွှေငွေ ပစ္စည်းများ ဓားပြတိုက်လုယက်လာကြသည့် အကြမ်း ဖက်နိုင်ငံသစ္စာဖောက်များ ထကြွလာသည်။ ငွေကြေး၊ လက်နက်၊ စစ်ရေးအကူအညီ၊ ငွေလိမ်ဖြန့် ဗန်းတင် ပေးလေသဖြင့် NUG ၊ PDF များ၊ ကမ္ဘာကျော် မူးယစ်ဆေးဝါးရာဇာ၊ လောင်းကစားလူလိမ်ဂိုဏ်း၊ လူသတ်ဆက်ကြေးကောက်၊ ဓားပြတိုက်နေကြသော MNDAA ၊ TNLA ၊ AA ၊ KIA စသည့် အကြမ်းဖက်အဖွဲ့များက ပြည်ထောင်စုပြိုကွဲစေရန် အင်အားအလုံးအရင်းဖြင့် အကြမ်းဖက်တိုက်ခိုက် လာခဲ့သည်။ တပ်မတော်က ပြန်လည်ချေမှုန်းချိန်တန် သည်နှင့် ဆက်တိုက်ချေမှုန်းနေရပေသည်**

**အမေရိကန်သည် ကိုရီးယားစစ်ပွဲ၊ ဗီယက်နမ်စစ်ပွဲ၊ အီရတ်စစ်ပွဲ၊ အာဖဂန်စစ်ပွဲ၊ ဆာဘီးယားစစ်ပွဲ၊ ဆီးရီးယား စစ်ပွဲနှင့်အာဖရိကမှ စစ်ပွဲများစွာကိုဖန်တီးသောနယ်ချဲ့စစ်ဝါဒီကြီးများဖြစ်ပေသည်။ အမေရိကန်တွင် အရွယ် ရောက်သူတိုင်း သုံးနှစ် စစ်မှုမထမ်းမနေရဥပဒေဖြင့် စစ်သားသစ်များခေါ်ကာ ကျူးကျော်စစ်ပွဲများနှင့် ရှေ့တန်းတင် အသေခံတိုက်ခိုက်စေခဲ့သဖြင့် နယ်ချဲ့ရန်ဆင့်ခေါ်စစ်သားများ အသုံးချသလိုဖြစ်ခဲ့သည်။ ရှေ့တန်း (ကျူးကျော်စစ်)များ၌ သေစရာရှိ ထိုသုံးနှစ်စစ်မှုထမ်းများစွာ သေရသည်။ မိသားစုက သဂြိုဟ်ရန် အလောင်း၊ အရိုးပြာ၊ အရိုး တစ်ချောင်းပင် ပြန်မရသော ဗီယက်နမ်ကျူးကျော်စစ်ကို အမေရိကန်ပြည်သူများ ကိုယ်တိုင်ကန့်ကွက်ဆန္ဒပြခဲ့ကြခြင်းမှာ သူတို့လင်၊ သူတို့မောင်၊ သူတို့သား၊ သူတို့တူများကို စစ်မှုထမ်းခိုင်းပြီး ကျူးကျော်စစ်များ၌ အသေခံခိုင်းသဖြင့် ကန့်ကွက်ကြခြင်းဖြစ်**

# ပုသိမ်မြို့နှင့် တောင်သာမြို့တို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်း ဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်၍ အာဏာတည်ကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**ကြိုဆိုထောက်ခံ**

အဆိုပါ ပြည်သူ့စစ်မှုထမ်း ဥပဒေအား ကြိုဆိုထောက်ခံပွဲများကို ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကမ်းနားလမ်း ရှုခင်းသာရင်ပြင်၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့ မြို့နယ်အားကစားကွင်း၌လည်းကောင်း ပြုလုပ်ကြသည်။(အောက်ပုံ)

**အောင်မြင်စွာရုပ်သိမ်းခဲ့**

ဦးစွာ သက်ဆိုင်ရာမြို့နယ်များမှ ဒေသခံတိုင်းရင်းသားမျိုးချစ်ပြည်သူများက သတ်မှတ်နေရာ အသီးသီး၌ စုဝေးကြပြီး ကျင်းပမည့် နေရာအသီးသီးသို့ ချီတက် ထောက်ခံကြသည်။ ချီတက်ရာလမ်းတစ်လျှောက်တွင် ဒေသခံမျိုးချစ် ပြည်သူများက "ဒို့တာဝန်အရေးသုံးပါးကိုထိန်းသိမ်းစောင့်ရှောက်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေကို အပြည့်အဝထောက်ခံကြိုဆိုပါသည်။ နိုင်ငံတော်ကိုကာကွယ်ဖို့ တစ်မျိုးသားလုံး စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်ကို ပြည်တွင်း/ ပြည်ပအန္တရာယ်များက ကာကွယ်ဖို့ စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်" စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး သတ်မှတ်နေရာ အသီးသီးတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပါသည်ဟု တစ်ခဲနက်ဆန္ဒထုတ်ဖော်ဟောပြောခဲ့ပြီး ကြိုဆိုထောက်ခံပွဲကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





*စာမျက်နှာ ၁၀ မှ*

❍ **NUG မှ အလှူခံရသမျှ PDF တို့ ဝေစုမရ၍ လုယက်စားပြတိုက်နေကြရသည်။ ကယားမှ KNPP၊ ကရင်မှ KNU ခွဲထွက်များ၊ MNDAA၊ KIA၊ TNLA၊ AA တို့ကလည်း PDF များကို အသေခံတိုက်ခိုင်းနေကြသည်။ PDF တို့သည် မူးယစ်ရာဇာ ကိုယ်ကျိုးရှာအုပ်စုများ၏ စစ်မှုထမ်း အသေခံများဖြစ်နေကြရာ ယနေ့မြန်မာနိုင်ငံမှ စစ်မှုထမ်းဥပဒေကို လက်တွေ့အကောင်ထည်ဖော်သောအခါ ကန့်သတ်အသက်ပြည့်မီသူတိုင်းအား စစ်မှုထမ်းခိုင်းမည်မဟုတ်။ လူငယ်လူရွယ်များ မိမိနိုင်ငံကို ကာကွယ်လိုစိတ်နှင့် ကာကွယ်နိုင်စွမ်း စစ်ပညာလေ့ကျင့်တတ်မြောက်ထားရုံမျှသာ ရည်ရွယ်ထားသည်ဟု သိရ**

လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၁၃-၂-၂၀၂၄ ရက်နေ့ သတင်းများအရ စစ်မှုထမ်းဥပဒေကို ဆောင်ရွက် အကောင်အထည်ဖော်ရာတွင် ကြီးကြပ်ရန် ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။ နိုင်ငံတော်ကာကွယ်ရေးကို တပ်မတော်က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံသား၊ လူငယ် လူရွယ်များ၊ မျိုးချစ်စိတ်ဓာတ်ကိုယ်စီဖြင့် မိမိနိုင်ငံ၊ မိမိနိုင်ငံသား၊ မိမိတို့ လွတ်လပ်ရေးကို ကာကွယ်လိုစိတ်ရှိကြပြီး လိုအပ်လာလျှင် ကာကွယ်နိုင်စွမ်းရှိအောင် စစ်ပညာ (ရန်ပုံခွင်းအခြေခံ)ရအောင် လေ့ကျင့်ခြင်းကို အဓိကလုပ်ဆောင်ကြရမည်ဖြစ်သည်။

**ပြည်သူတို့ကိုယ်တိုင်တပ်မတော်နှင့်အတူ လက်တွဲသုတ်သင်ချေမှုန်းရန်လမ်းပွင့်သွားပြီဖြစ်**

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးပိုင်သော အချုပ်အခြာအာဏာ၊ ပြည်သူတို့၏ ပိုင်နက်နယ်မြေ၊ ပြည်သူတို့လိုအပ်သော ပြည်တွင်းငြိမ်းချမ်းရေး၊ တိုးတက်ဖွံ့ဖြိုး သာယာဝပြောရေးကို ဆန့်ကျင်နှောင့်ယှက်၊ ဖျက်လိုဖျက်ဆီးလုပ်နေကြသော အမျိုးသားသစ္စာဖောက်၊ အကြမ်းဖက်အဖျက်သမားများကို ပြည်သူတို့ကိုယ်တိုင် တပ်မတော်နှင့်အတူ(ရှေးအစဉ်အလာအတိုင်း) လက်တွဲသုတ်သင် ချေမှုန်းရန် လမ်းပွင့်သွားပြီဖြစ်ပေသည်။

နိုင်ငံအတွက် လိုအပ်ချိန်တွင် ပြည်သူများထဲမှ လူငယ်လူရွယ်များကိုယ်တိုင် ကိုယ့်နိုင်ငံကိုယ် ကာကွယ်ရန်အလို့ငှာ စစ်မှုထမ်းဥပဒေကို နိုင်ငံများတွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ အမေရိကန်တွင် အရွယ်ရောက်သူတိုင်း သုံးနှစ်စစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်းထားပေသည်။ ဒီမိုကရက်တစ်သမ္မတ ဘေလ်ကလင်တန်၊ ရီပတ်ဘလိကင်သမ္မတ ဂျော့ဘုရှ်(ဂျူနီယာ)၊ ကမ္ဘာကျော်လက်ဝှေ့ချန်ပီယံ ကဆီယက်ကလေး (မိုဟာမက်အလီ)သည် စစ်မှုမထမ်းရရန် ပတ်ပြေး ရှောင်ပြေးခဲ့သူများအဖြစ် စာနယ်ဇင်းသတင်းများ၌ တွေ့ရသည်။

အမေရိကန်အပါအဝင် အနောက်အုပ်စုနယ်ချဲ့နိုင်ငံများသည် ကမ္ဘာ့နိုင်ငံများကို အသားလွတ် ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ကာ ထိုနိုင်ငံမှ ရွှေ၊ ငွေ၊ စိန် ကျောက်မျက်ရတနာများ၊ ရေနံ၊ သစ်၊ စိုက်ပျိုးထွက်ကုန်များ၊ စက်မှုသုံး ဓာတ်သတ္တုသယံဇာတများကို ဓားပြတိုက်သလို လုယက်ယူငင်ပြီး ချမ်းသာလာသော နိုင်ငံများဖြစ်သည်။

အမေရိကန်သည် ကိုရီးယားစစ်ပွဲ၊ ဗီယက်နမ်စစ်ပွဲ၊ အီရတ်စစ်ပွဲ၊ အာဖဂန်စစ်ပွဲ၊ ဆာဘီးယားစစ်ပွဲ၊ ဆီးရီးယားစစ်ပွဲနှင့် အာဖရိကမှ စစ်ပွဲများစွာကို ဖန်တီးသော နယ်ချဲ့စစ်ဝါဒီကြီးများဖြစ်ပေသည်။ အမေရိကန်တွင် အရွယ်ရောက်သူတိုင်း သုံးနှစ် စစ်မှုမထမ်းမနေရ ဥပဒေဖြင့် စစ်သားသစ်များခေါ်ကာ ကျူးကျော်စစ်ပွဲများနှင့် ရှေ့တန်းတင် အသေခံတိုက်ခိုက်စေခဲ့သဖြင့် နယ်ချဲ့ရန် ဆင့်ခေါ်စစ်သားများ အသုံးချသလိုဖြစ်ခဲ့သည်။ ရှေ့တန်း(ကျူးကျော်စစ်)များ၌ သေစရာရှိ ထိုသုံးနှစ် စစ်မှုထမ်းများစွာ သေရသည်။ မိသားစုက သင်္ဂြိုဟ်ရန် အလောင်း၊ အရိုးပြာ၊ အရိုးတစ်ချောင်းပင် ပြန်မရသော ဗီယက်နမ်ကျူးကျော်စစ်ကို အမေရိကန်ပြည်သူများကိုယ်တိုင် ကန့်ကွက်ဆန္ဒပြခဲ့ကြခြင်းမှာ သူတို့လင်၊ သူတို့မောင်၊ သူတို့သား၊ သူတို့တူများကို စစ်မှုထမ်းခိုင်းပြီး ကျူးကျော်စစ်များ၌ အသေခံခိုင်းသဖြင့် ကန့်ကွက်ကြခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီ ဂျာမနီမှ ဟစ်တလာက ဆိုဗီယက်မှ စတာလင်နှင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတိုက်ခိုက်ရေး စာချုပ်ချုပ်ခဲ့ကြသည်။ ကမ္ဘာစစ်အတွင်း ဂျာမန်တပ်များအတွက် လောင်စာဆီများ လိုအပ်သောအခါ ဟစ်တလာသည် ဆိုဗီယက် ရုရှားကို ကျူးကျော်တိုက်ခိုက်၏။ အင်အားသန်းချီသော ဆိုဗီယက်တပ်များအပြင် စတာလင်က အရန်ပါတီဝင်များ၊ ပြည်သူများကို စစ်မှုထမ်းရန် ခေါ်ယူရာ ပြည်သူများ သန်းချီ၍ စစ်မှုထမ်းကြကာ ဂျာမန်ရန်ကို တိုက်ထုတ်ခဲ့ရာ ဂျာမန်တို့ စစ်ရှုံးခဲ့ရသည်။ စစ်မှုထမ်းပြည်သူများကို မိမိနိုင်ငံအတွက် တရားသဖြင့် အသုံးပြုသော ဆိုဗီယက်နှင့် မတရားသဖြင့် အသုံးပြုသော ဗီယက်နမ်စစ်ပွဲမှ အမေရိကန် အရပ်သား စစ်မှုထမ်းအကြောင်း နှိုင်းယှဉ်ပြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ဗကပ သောင်းကျန်းစဉ်ကပင် အသက် ၁၀ နှစ်မှအထက် တိုင်းရင်းသားကလေးသူငယ်များကို တပ်သားအသစ်စုဆောင်းကာ ရှေ့တန်းမှတင်၍ အသေခံခိုင်းကာ တိုက်ခဲ့သည်။ ထို့ကြောင့်လည်း ဗကပလက်အောက်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ဗကပကို တော်လှန်ခဲ့ကြသည်။ ယနေ့ CRPH, NUG ကဲ့သို့ NLD ပြည်ပြေးများသည် အမေရိကန်တွင် မိသားစုလိုက် တိုက်ဝယ်၊ ကုန်တိုက်ဖွင့် စီးပွားရှာ ဇိမ်ကျနေကြပြီး တော်လှန်ရေးလုပ်သည်ဆိုကာ PDF အဖွဲ့ဝင် လူငယ်များကို အကြမ်းဖက်ပြည်ဖျက်လူသတ်ခိုင်းရင်း အသေခံနေကြရသည်။

**လူငယ်လူရွယ်များ မိမိနိုင်ငံကို ကာကွယ်လိုစိတ်နှင့်ကာကွယ်နိုင်စွမ်း စစ်ပညာလေ့ကျင့်တတ်မြောက်ထားရုံမျှသာရည်ရွယ်**

NUG မှ အလှူခံရသမျှ PDF တို့ ဝေစုမရ၍ လုယက်ဓားပြတိုက်နေကြရသည်။ ကယားမှ KNPP၊ ကရင်မှ KNU ခွဲထွက်များ၊ MNDAA၊ KIA၊ TNLA၊ AAတို့ကလည်း PDFများကိုအသေခံတိုက်ခိုင်းနေကြသည်။ PDF တို့သည် မူးယစ်ရာဇာ ကိုယ်ကျိုးရှာအုပ်စုများ၏ စစ်မှုထမ်း အသေခံများ ဖြစ်နေကြရာ ယနေ့မြန်မာနိုင်ငံမှ စစ်မှုထမ်း ဥပဒေကို လက်တွေ့အကောင်ထည်ဖော်သောအခါ ကန့်သတ်အသက်ပြည့်မီသူတိုင်းအား စစ်မှုထမ်းခိုင်းမည်မဟုတ်။ လူငယ်လူရွယ်များ မိမိနိုင်ငံကို ကာကွယ်လိုစိတ်နှင့် ကာကွယ်နိုင်စွမ်း စစ်ပညာ လေ့ကျင့်တတ်မြောက်ထားရုံမျှသာ ရည်ရွယ်ထားသည်ဟု သိရသည်။

ယနေ့မြန်မာနိုင်ငံတွင် အခြေခံဥပဒေအရ လက်ရှိအခြေအနေအရ ပြည်ထောင်စုအကျိုး၊ ပြည်ထောင်စုသားတို့ အကျိုးအတွက် တိုင်းဖျက်၊ ပြည်ဖျက် အကျင့်ပျက်၊ စာရိတ္တပျက်၊ လူမှုကျင့်ဝတ်ပျက် အကြမ်းဖက်မိစ္ဆာများကို ပြည်သူနှင့်တပ်မတော် ပူးပေါင်းတိုက်ခိုက်ချေမှုန်းကာ ပြည်ထောင်စုသားများနှင့် ပြည်ထောင်စုကို ကာကွယ်စောင့်ရှောက်ရမည့်အချိန်တွင် စစ်မှုထမ်းဥပဒေ အသက်ဝင်လာသည်မှာ ပြည်ထောင်စုကြီးအတွက် ကြီးမြတ်သော အခွင့်အလမ်းကြီး တစ်ရပ်ဖြစ်ကြောင်းပါခင်ဗျာ။ ။

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မုဒုံ)မှ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိ

**တွေ့ဆုံမေးမြန်း - အောင်မျိုးသူ (ပြန်/ဆက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး၊ တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးကိုအခြေခံ၍ MSME လုပ်ငန်းများ အားပေးမြှင့်တင်ပြီး ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကို ကြိုးစားဆောင်ရွက်လျက်ရှိရာ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မုဒုံ)မှ ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် MSME လုပ်ငန်းများဖွံ့ဖြိုး တိုးတက်စေရန် တစ်နိုင်တစ်ပိုင်ရက်ကန်းလုပ်ငန်းများ ပေါ်ပေါက်လာစေရန်အတွက် ရက်ကန်းပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးနေမှုနှင့်ပတ်သက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်ဇာခြည်ကျော်နှင့် တွေ့ဆုံမေးမြန်းမှုအားဖော်ပြအပ်ပါသည် -



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မုဒုံ)၌ သင်တန်းများ ပို့ချပေးနေမှုအခြေအနေကို ကြည့်ရှုလေ့လာစဉ်။

**မေး။ ။ ရက်ကန်းပညာရပ်ဆိုင်ရာ သင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးနေတဲ့ အခြေအနေတွေကို သိပါရစေ။**

ဖြေ။ ။ သင်တန်းကျောင်းကနေပြီးတော့ မြန်မာ့ရိုးရာ ရက်ကန်းပညာရပ်များ မတိမ်ကော မပပျောက် ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့၊ ရက်ကန်းဆိုင်ရာပညာရပ်တွေ ပြန့်ပွားတိုးတက်စေဖို့၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေပြီး မိသားစုဝင်ငွေတိုးပွား ရရှိစေဖို့၊ တစ်နိုင်တစ်ပိုင် အသေးစား စီးပွားရေးလုပ်ငန်းရှင်တွေပေါ်ပေါက်လာစေဖို့နဲ့ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက် လာစေဖို့အတွက် သင်တန်းတွေဖွင့်လှစ်သစ်ကြားပေးနေပါတယ်။

**မေး။ ။ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှာ ဘယ်လိုသင်တန်းတွေကို အဓိကသင်ကြားပေးပါသလဲ။**

ဖြေ။ ။ အဓိကသင်ကြားပေးနေတဲ့ သင်တန်းတွေကတော့ ချည်မျှင်နှင့်အထည်အလိပ် ကျွမ်းကျင်သူတစ်နှစ်သင်တန်း၊ လက်ရက်ကန်း ခြောက်လ(တစ်နှစ်နှစ်ကြိမ်)သင်တန်းတွေကို သင်ကြားပေးပါတယ်။

**မေး။ ။ ရက်ကန်းပညာရပ်မှာ ဘယ်လိုဘာသာရပ်တွေကို သင်ကြားပေးပါသလဲ။**

ဖြေ။ ။ သင်တန်းကျောင်းမှာကတော့ စက်ရက်ကန်း၊ လက်ရက်ကန်း၊ အထည်ခွဲစိတ်လေ့လာ၊ အဖြူချွတ်ဆေးဆိုး၊ အထည်ဒီဇိုင်း၊ လက်ချည်မျှင်ဆွဲနှင့် ရိုးရာဂျပ်ခုတ်၊ ချည်မျှင်ထုတ်လုပ်မှုနည်းပညာနှင့် အထည်အလိပ်လုပ်ငန်းသုံးအမျှင်များ ဘာသာရပ်တွေကို သင်ကြားပေးပါတယ်။

**မေး။ ။ သင်တန်းတက်ရောက်ဖို့အတွက် ဘယ်လိုအရည်အချင်းတွေ ရှိရမလဲဆိုတာနဲ့ သင်တန်းသား ဦးရေ ဘယ်လောက်လက်ခံပေးနေသလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ သင်တန်းကိုတော့ သင်တန်းကာလ တစ်နှစ်ဖြစ်ပြီး သင်တန်းသား ၂၀ အထိလက်ခံပြီးတော့ အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူများ ဖြစ်ရပါမယ်။ လက်ရက်ကန်းသင်တန်းကိုတော့ သင်တန်းကာလ ခြောက်လဖြစ်ပြီး သင်တန်းသား ၁၀ ဦးအထိလက်ခံပြီး အခြေခံပညာမူလတန်းအဆင့် အောင်မြင်ပြီးသူများ အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိသူတွေကို လက်ခံသင်ကြားပေးပါတယ်။ ဒီသင်တန်းတွေကိုတော့ မြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်/ ကျေးရွာများနဲ့ မြို့အနီးအနား တစ်ဝိုက်မှာရှိတဲ့ မြို့နယ်တွေကနေ လာရောက်ပညာသင်ယူကြပါတယ်။

**မေး။ ။ သင်တန်းသားတွေအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနေတဲ့ ဝန်ဆောင်မှုတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ သင်တန်းကျောင်းမှာ ဖွင့်လှစ်တဲ့ သင်တန်းအားလုံးအတွက် လိုအပ်တဲ့ကုန်ကြမ်းပစ္စည်းတွေကို နိုင်ငံတော်မှ ကျခံသုံးစွဲတာဖြစ်ပါတယ်။ နောက်ပြီး သင်တန်းသားများ အေးချမ်းစွာပညာသင်ယူနိုင်ဖို့အတွက် စားရေးသောက်ရေး၊ နေထိုင်ဖို့အတွက် ရေ၊ မီး၊ ခုတင်၊ အိပ်ရာ၊ စာကြည့်စားပွဲ၊ သေတ္တာ၊ Wifi စတဲ့လိုအပ်တာတွေကိုအပြည့်အစုံနဲ့ အဆောင်မှာနေထိုင်ခွင့်ပြုပြီးတော့ အားလုံးအတွက် အခမဲ့ စီစဉ်ဆောင်ရွက်ထားပါတယ်။

**မေး။ ။ သင်တန်းတက်ရောက်ပြီးသူတွေကို အလုပ်အကိုင်အခွင့်အလမ်းရရှိအောင် ကူညီဆောင်ရွက်ပေးနေတဲ့ အခြေအနေတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ ဒီမြို့မှာရှိတဲ့ ရက်ကန်းလုပ်ငန်းရှင်များ၊ အစိုးရပိုင်စက်ရုံများနဲ့ ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံတွေနဲ့ ချိတ်ဆက်ပေးပြီး အလုပ်အကိုင်ရရှိအောင် အပ်နှံပေးသလို ဌာနမှာ လိုအပ်ပါက သင့်တော်တဲ့နေရာတွေမှာ ဝင်ရောက်လုပ်ကိုင်နိုင်အောင် ကူညီဆောင်ရွက်ပေးပါတယ်။

**မေး။ ။ သင်တန်းတက်ရောက်ပြီးတစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်မယ်ဆိုရင် ဘယ်လိုကူညီပေးပါသလဲ။**

ဖြေ။ ။ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်အောင် ဌာန၊ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးတယ် နောက်ပြီး ငွေကြေးအရင်းအနှီးတွေ ရရှိအောင် သမဝါယမအသင်းစုနှင့် ချိတ်ဆက်ပြီးတော့ ချေးငွေများပေးခြင်းဖြင့် ကူညီဆောင်ရွက်ပေးပါတယ်။ ဌာနကကျင်းပတဲ့ အသေးစားထုတ်ကုန်ပစ္စည်းပြပွဲ၊ ပြိုင်ပွဲတွေမှာ ပါဝင်ပြသရောင်းချခွင့်ပြုပြီး ထုတ်ကုန်ပစ္စည်းတွေ တရားဝင်ရောင်းချနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။

**မေး။ ။ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းအနေနဲ့ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားစေဖို့အတွက် ဆောင်ရွက်ချက်များရှိရင်လည်း သိပါရစေ။**

ဖြေ။ ။ ဌာနအနေနဲ့ အသေးစားထုတ်ကုန်တွေ ဖန်တီးပေးနိုင်ရေးနဲ့ ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းကို စီမံကိန်းအမျိုးအစား ခုနစ်ခုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပါတယ်။ (၁) ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) ဆောင်ရွက်မယ့် လုပ်ငန်း၊ (၂) ခေတ်မီစံပြကျေးရွာဖော်ဆောင်ပြီး ကျေးလက်နေပြည်သူများ ဝင်ငွေတိုးရေး ဆောင်ရွက်မယ့်လုပ်ငန်း၊ (၃) လူငယ်များအလုပ်အကိုင် ဖန်တီးပေးနိုင်ရေးဆောင်ရွက်မယ့် လုပ်ငန်း၊ (၄) အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးဆောင်ရွက်မည့်လုပ်ငန်း၊ (၅) အမျိုးသမီးများဝင်ငွေတိုးတက်ရေး ဆောင်ရွက်မယ့်လုပ်ငန်း၊ (၆) ဘေးဒဏ်သင့် ပြည်သူတွေအတွက် စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ထူထောင်ပေးရေး ဆောင်ရွက်မယ့် လုပ်ငန်းတွေနဲ့ (၇) ဘိန်းစိုက်ပျိုးသည့် မြို့နယ်တွေမှာ အစားထိုး အသေးစားထုတ်ကုန်လုပ်ငန်းတွေ ဖွံ့ဖြိုးရေးဆောင်ရွက်မယ့် လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ။





ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မုဒုံ)၌ သင်တန်းသူများအား ရက်ကန်းပညာရပ်များ ပို့ချပေးစဉ်။

# အရပ်သားများကိုကာကွယ်ပေးနိုင်မည့်အစီအစဉ်မရှိဘဲ ရာဖာမြို့ကိုတိုက်ခိုက်ခြင်းမပြုရန် ဂျိုးဘိုင်ဒင် ထပ်မံတောင်းဆို

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၆**

အရပ်သားများကို ကာကွယ်ပေးနိုင်မည့် အစီအစဉ်မရှိဘဲ ရာဖာမြို့ကို စစ်ရေးအရတိုက်ခိုက်ခြင်းမပြုရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုထံ ထပ်မံတောင်းဆိုခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသ တောင်ဘက် အစွန်ပိုင်းကို အစ္စရေးက မြေပြင်ထိုးစစ်ဆင်ရန် ပြင်ဆင်ထားချိန် ဖေဖော်ဝါရီ ၁၅ ရက်က အစ္စရေးဝန်ကြီးချုပ်နှင့် အမေရိကန်သမ္မတတို့ ဖုန်းဖြင့် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ အဆိုပါဒေသတွင် လူပေါင်း ၁ ဒသမ ၅ သန်းခန့်မှာ ခိုလှုံရာနေရာများတွင် နေထိုင်နေကြရသည်။ ဂါဇာကမ်းမြောင်ဒေသတွင် ကာလရှည်ကြာ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းများမှာ ကမ်းမြောင်ဒေသ အခြားသောနေရာများကို ထွက်ပြေးကြရသည်။

ရာဖာမြို့ရှိ အရပ်သားများ၏လုံခြုံစိတ်ချရရေးနှင့်ထောက်ပံ့ပေးရေးတို့အတွက် ယုံကြည်စိတ်ချရသော အစီအစဉ်မရှိသေးသရွေ့ စစ်ရေးအရ ထိုးစစ်ဆင်မှုများကို မလုပ်သင့်သေးကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ၎င်း၏အမြင်ကို ပြောကြားခဲ့သည်။ ပြီးခဲ့သည့် တနင်္ဂနွေနေ့က အမေရိကန်သမ္မတနှင့် အစ္စရေးဝန်ကြီးချုပ်တို့ ဖုန်းဖြင့်ဆွေးနွေးရာတွင်လည်း အလားတူ ပြောကြားမှုမျိုးကိုသာ သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

ဟားမားစ်က ဖမ်းဆီးထားသည့် ဓားစာခံများ ပြန်လွှတ်ပေးရေးအတွက် စေ့စပ်ညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်ရန် အမေရိကန်သမ္မတဘိုင်ဒင်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့ ဆွေးနွေးခဲ့ကြကြောင်း အိမ်ဖြူတော်က ပြောသည်။ ထို့နောက် ပါလက်စတိုင်းအရပ်သားများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးပို့ရန်လည်း ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**



ရာဖာမြို့၌ အစ္စရေးတို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အပျက်အစီးများကို တွေ့ရစဉ်။

# အာဖရိက၌ ကျောင်းပြင်ပရောက်ရှိနေသည့် ကလေးငယ်နှင့် လူငယ်ပေါင်း သန်း ၁၀၀ နီးပါးရှိ

**အဒစ္စအဘာဘာ ဖေဖော်ဝါရီ ၁၆**



အာဖရိကတစ်လွှား အသက်ငါးနှစ်မှ ၁၉ နှစ်အရွယ် ကလေးသန်း ၁၀၀ နီးပါးမှာ ကျောင်းပြင်ပသို့ ရောက်ရှိနေသည့်အတွက် လူမှုအဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်နိုင်ခြင်းမရှိဟု အာဖရိကသမဂ္ဂ(အေယူ)မှ ပညာရေး၊ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ကော်မရှင်နာ မိုဟာမက်ဘယ်ဟိုဆင်းက ဖေဖော်ဝါရီ ၁၅ ရက်တွင်ပြောသည်။

အဆိုပါ ကလေးများနှင့် လူငယ်များမှာ အမျိုးမျိုးသော အန္တရာယ်များနှင့် ကြုံတွေ့နိုင်ပြီး အကြမ်းဖက်သမားများ၏ ဖြားယောင်းမှုကိုလည်း အလွယ်တကူ ခံရနိုင်ဖွယ်ရှိသည်။ ထို့ပြင် မူးယစ်မှောင်ခိုသမားများ၊ လူကုန်ကူးသူများ၏ ပစ်မှတ်လည်းဖြစ်လာနိုင်ကြောင်း အဒစ္စအဘာဘာမြို့တွင် ကျင်းပသည့် အာဖရိကသမဂ္ဂထိပ်သီးအစည်းအဝေးတွင် ၎င်းက သတင်းထောက်များကို ပြောသည်။

အဆိုပါ ကလေးများနှင့် လူငယ်များကို အသက်မွေးဝမ်းကျောင်းပညာရပ်များနှင့် နည်းပညာရပ်များ သင်ကြားပေးခြင်းဖြင့် ထောက်ပံ့ပေးရန် လိုအပ်ကြောင်း ၎င်းကပြောသည်။ ၎င်းတို့ကိုယ်တိုင် အလုပ်လုပ်ကိုင်နိုင်သည်အထိ လိုအပ်သည့် ကျွမ်းကျင်မှုများ ထောက်ပံ့ပေးရန် လိုအပ်ကြောင်း ၎င်းကပြောသည်။

အာဖရိကသည် အရည်အချင်းပြည့်ဝသည့် ပညာရေးရရှိရန် အခက်အခဲများနှင့် ကြုံတွေ့နေရပြီး ဆာဟာရ အာဖရိကရှိ ကလေး ၁၀ ဦးလျှင် ကိုးဦးမှာ အသက် ၁၀ နှစ်ရောက်သည်အထိ စာတစ်ကြောင်းကိုပင် ကောင်းမွန်စွာ မဖတ်နိုင်ကြောင်း ကော်မရှင်နာက ပြောသည်။

၂၀၃၀ ပြည့်နှစ်တွင် အာဖရိက၌ တက္ကသိုလ်ပညာရေး လွှမ်းခြုံနိုင်ရေး အမေရိကန်ဒေါ်လာ ၉၀ ဘီလီယံ လိုအပ်လျက်ရှိသည်။ လိုအပ်နေသည့် ဘဏ္ဍာရေးအထောက်အပံ့ ရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာမှ ပိုင်းဝန်းထောက်ပံ့ကြရန် ၎င်းကတောင်းဆိုခဲ့သည်။

**ဆင်ဟွာ**

# ၂၀၂၄ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲတစ်လျှောက် သေဆုံးသည့် မဲရုံလုပ်သားပေါင်း ၂၇ ဦးအထိရှိ

**ဂျကာတာ ဖေဖော်ဝါရီ ၁၆**

အင်ဒိုနီးရှားနိုင်ငံ၏ ၂၀၂၄ ခုနှစ် အထွေထွေရွေးကောက်ပွဲကာလတစ်လျှောက် သေဆုံးသည့် မဲရုံလုပ်သားစုစုပေါင်း ၂၇ ဦးအထိရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါသေဆုံးသူဦးရေမှာ မဲပေးပွဲမတိုင်မီ၊ မဲပေးကာလကျင်းပနေစဉ်နှင့် မဲပေးပြီးနောက် သေဆုံးသူများဖြစ်ကြကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ စီတီနာဒီယာတာမီဇီက ပြောသည်။ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၅ ရက်အတွင်း ရရှိသည့်သတင်းအချက်အလက်များကိုအခြေခံကာ ဖော်ပြထားခြင်းဖြစ်ကြောင်း သိရသည်။ အဓိကသေဆုံးရသည့်အကြောင်းမှာ နှလုံးရောဂါကြောင့်ဖြစ်ပြီး နှလုံးရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူ ကိုးဦးအထိရှိသည်ဟု ၎င်းကပြောသည်။

ယာဉ်မတော်တဆမှုကြောင့် လေးဦး၊ အနာရင်းမှုကြောင့် နှစ်ဦး၊ ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ထိခိုက်မှုကြောင့် တစ်ဦးနှင့် သွေးတိုးရောဂါကြောင့်တစ်ဦး သေဆုံးခဲ့ကြသည်။ ဂျာဗားအလယ်ပိုင်းတွင် မဲရုံလုပ်သား သေဆုံးမှုအမြင့်ဆုံးဖြစ်ကာ သေဆုံးသူ ခုနစ်ဦးရှိသည်။ ၎င်းနောက်တွင် အရှေ့ဂျာဗားနှင့် အနောက်ဂျာဗားတို့၌ ငါးဦးစီ သေဆုံးကြသည်။

အင်ဒိုနီးရှားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ကျင်းပခဲ့ပြီး မဲရုံပေါင်း ၈၂၃၂၂၀ တွင် မဲဆန္ဒရှင်ပေါင်း ၂၀၄ သန်းကျော် မဲပေးခဲ့ကြသည်ဟု အထွေထွေရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

# ဂါဇာ၌ လူသားချင်းစာနာမှုဆိုင်ရာ ချက်ချင်းအပစ်အခတ်ရပ်စဲရေး သြစတြေးလျ၊ ကနေဒါနှင့် နယူးဇီလန်တောင်းဆို

**ကင်ဘာရာ ဖေဖော်ဝါရီ ၁၆**

သြစတြေးလျ၊ ကနေဒါနှင့် နယူးဇီလန်နိုင်ငံတို့သည် ဂါဇာ၌ လူသားချင်းစာနာမှုဆိုင်ရာ ချက်ချင်းအပစ်အခတ်ရပ်စဲရန်အတွက် တောင်းဆိုခဲ့ကြောင်း သိရသည်။

အစ္စရေးက ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း ပါလက်စတိုင်းမြို့ဖြစ်သည့် ရာဖာသို့ မြေပြင်ထိုးစစ်ဆင်မှုကို စီစဉ်ခဲ့သည့် လုပ်ဆောင်ချက်များအပေါ် စိုးရိမ်မိကြောင်း ယင်းသုံးနိုင်ငံ ဝန်ကြီးချုပ်များ၏ ဖေဖော်ဝါရီ ၁၅ ရက် ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါဒေသ၌ ပါလက်စတိုင်း ၁ ဒသမ ၅ သန်းခန့် ခိုလှုံနေသောကြောင့် ရာဖာမြို့အတွင်းသို့ စစ်ဆင်ရေးလုပ်ဆောင်ခြင်းမှာ ကြီးမားသည့် ကပ်ဘေးဖြစ်လိမ့်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ဂါဇာ၌ လူသားချင်းစာနာမှုဆိုင်ရာအခြေအနေမှာ ကြောက်မက်ဖွယ်ကောင်းပြီး စစ်ဆင်ရေးတိုးချဲ့ခြင်းကြောင့် ပါလက်စတိုင်းနိုင်ငံသားများအပေါ် သက်ရောက်မှုမှာ ဆိုးရွားလိမ့်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယင်းလမ်းကြောင်းအတိုင်း မလုပ်ဆောင်ရန် အစ္စရေးအစိုးရကို တိုက်တွန်းထားကြောင်း ထုတ်ပြန်ချက်တွင် ပြောကြားသည်။ လူသားချင်းစာနာမှုဆိုင်ရာ အပစ်အခတ်ရပ်စဲမှုတစ်ခု ချက်ချင်းလိုအပ်ပြီး အစ္စရေးနှင့် ပါလက်စတိုင်းနိုင်ငံသားများအတွက် ထာဝရငြိမ်းချမ်းရေးရရှိရေး လမ်းကြောင်းတစ်ခုရရှိရန် ရေရှည်တည်တံ့သည့် အပစ်အခတ်ရပ်စဲရေးတစ်ခု လိုအပ်ကြောင်း ထုတ်ပြန်ချက်တွင် အလေးပေးပြောကြားသည်။

**ဆင်ဟွာ**

# မွန်ဂိုလီးယားနိုင်ငံ၌ ဆောင်းရာသီအအေးဒဏ်ကြောင့် တိရစ္ဆာန် ခြောက်သိန်းကျော်သေဆုံး

**အူလန်ဘာတာ ဖေဖော်ဝါရီ ၁၆**

မွန်ဂိုလီးယားနိုင်ငံတစ်ဝန်း ယခုဆောင်းရာသီတွင် အလွန်အေးစက်သည့် ရာသီဥတုကြောင့် တိရစ္ဆာန်



ကောင်ရေ ၆၁၁၉၂၄ ကောင်ထက်မနည်း သေဆုံးကြောင်း နိုင်ငံ၏ ပြည်နယ်အရေးပေါ်ကော်မရှင် (အက်စ်အီးစီ)ကို ကိုးကားပြီး ဒေသတွင်းမီဒီယာများက ဖေဖော်ဝါရီ ၁၆ ရက်တွင် ဖော်ပြထားသည်။

နိုင်ငံ၏ ပြည်နယ် ၂၁ ခုအနက် အနောက်အလယ်ပိုင်း အာခန်းဂိုင်အပါအဝင် အရှေ့ပိုင်းခန်းတိ၊ ဒေါ်နော့၊ ဆပ်ဘာတာနှင့် ဒေါ်နိုဂိုဗီတို့တွင် တိရစ္ဆာန်သေဆုံးမှုနှုန်း အများဆုံးဖြစ်ကြောင်း အက်စ်အီးစီက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

တိရစ္ဆာန် ထိန်းကျောင်းသူများ၏ နေအိမ် ၁၃၅၀၀ ထက်မနည်း နှင်းထုအတွင်း ပိတ်မိကြောင်း၊ နှင်းကျမှုကြောင့် လမ်းအရှည် ၃၈၄၀၀ ကီလိုမီတာပိတ်ခဲ့ရကြောင်း သိရသည်။ မွန်ဂိုလီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ်ကုန်က တိရစ္ဆာန်အရေအတွက် ၆၄ ဒသမ ၇ သန်းရှိကြောင်း နိုင်ငံ၏စာရင်းအင်းရုံးမှ သိရသည်။

**ဆင်ဟွာ**

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာကမ်းခြေသို့ အပန်းဖြေခရီးသွားရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များအား အနားယူအပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဆင့် မော်တော်ယာဉ်များဖြင့် ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ပေးရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။ (ယာပုံ)

အဆိုပါအဖွဲ့သည် နေ့လယ်ပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိကြပြီး ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။ ယင်းနောက် မြတ်ကျောင်းတော် မြန်မာ့ရိုးရာ ပုသိမ်ထီးလုပ်ငန်းကို သွားရောက်ကြည့်ရှုလေ့လာကြသည်။ ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ရောက်ရှိကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။ ထို့နောက် တိုင်းမှူးက ချောင်းသာအပန်းဖြေ ဧည့်ရိပ်သာ၌ အမှာစကားပြောကြားပြီး ဒေသထွက်စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံ၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ဆီဆိုင်မြို့မဈေးမီးလောင် ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့ရှိ မြို့မဈေးကို ဖေဖော်ဝါရီ ၁၅ ရက်က တပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် မီးလောင်ပျက်စီးခဲ့ရကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ DVB က တပ်မတော်၏ ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် တစ်ဖက်သတ်စွပ်စွဲရေးသားထားသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဖေဖော်ဝါရီ ၁၅ ရက်က KNDF၊ PNLA၊ PDF အကြမ်းဖက် သမားများသည် ဆီဆိုင်မြို့တွင် နယ်မြေတည်ငြိမ်ရေးနှင့် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PNO ပြည်သူ့စစ်အဖွဲ့များကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး မြို့မဈေးပေါ်သို့လည်း ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့သည့်အတွက် မြို့မဈေးမီးလောင်ပျက်စီးခဲ့ရကြောင်းနှင့် ယခင်ကလည်း လွိုင်ကော်မြို့ရှိ မြို့မဈေးကို KNDF အဖွဲ့နှင့် PDF အကြမ်းဖက်သမားများက ထိုသို့ ဆောင်ရွက်ခဲ့ခြင်းကြောင့် လွိုင်ကော်မြို့မဈေး မီးလောင်ပျက်စီးခဲ့ရကြောင်း တာဝန်ရှိသူများ၏ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဒေသခံပြည်သူများမှ အထင်အမြင်လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များကို




အခြေခံ၍ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်ရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။

**သတင်းစဉ်**

## စစ်မှုထမ်းနိုင်သည့် တစ်နိုင်ငံလုံးလူငယ်စာရင်းကို တပ်မတော်က အရေးပေါ်တောင်းခံနေပြီး လူငယ်များကိုထွက်မပြေးရန် လက်မှတ်ထိုးဝန်ခံကတိပြုခိုင်းနေကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်၊ မန္တလေး အပါအဝင် တစ်နိုင်ငံလုံးမှ လက်ရှိချက်ချင်း စစ်မှုထမ်းရန် ဆင့်ခေါ်နိုင်သော လူဦးရေ ကျား၊ မ စာရင်းကို အမြန်ဆုံးကောက်ယူခိုင်းထားကြောင်း၊ ပြည်နယ်/တိုင်းဒေသကြီးများရှိ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက စစ်မှုထမ်းရန် အကျုံးဝင်သော လူငယ်များကို ရှောင်တိမ်းခြင်းမရှိစေရန်အတွက် မိဘ၊ ဆွေမျိုး၊ မောင်နှမများကို ထောင်ဒဏ်သုံးနှစ်မှ ငါးနှစ်အထိ ချမှတ်နိုင်ကြောင်း ဝန်ခံကတိပြုလက်မှတ်များ ရေးထိုးခိုင်းနေကြောင်း မဟုတ်မမှန်သတင်းများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လုပ်ကြံဝါဒဖြန့်ရေးသားလျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့တွင်လည်း စစ်မှုထမ်းဥပဒေ ထုတ်ပြန်ပြီးနောက် နှစ်ရက်အကြာတွင် လမ်းသွားလမ်းလာလူငယ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးမှုများ ပြုလုပ်ပြီး လူငယ် ၅၀ ထက်မနည်းကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း စသည့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေမည့် လုပ်ကြံရေးသားထားသည့်




ကောလာဟလ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက စစ်မှုထမ်းရန် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာများကို ဖမ်းဆီးခြင်းစသည့် ကောလာဟလသတင်းအမှားများကိုဖြန့်ဝေ၍ အကြမ်းဖက်အဖွဲ့အစည်းများသို့ လူငယ်လူရွယ်များက ပိုမိုဝင်ရောက်လာစေရေးအတွက် စည်းရုံးသိမ်းသွင်းလုပ်ဆောင်နေမှုများကို မိဘပြည်သူများနှင့် လူငယ်လူရွယ်များ သိရှိနားလည်စေရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ကလည်း နိုင်ငံပိုင်သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ကြေညာလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မင်းတုန်းမြို့ အမှတ် ၃ ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ မီးသတ်ဆေးဘူးများ၊ အုတ်ရေလှောင်ကန်ထားရှိမှုများကို ဖေဖော်ဝါရီ ၁၆ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟန်ဇာကျော်နှင့် တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်စဉ်။ ဇော်ဘီ

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “So Good–Foods & Bubble Tea” Facebook Page ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်နေ ဖြိုးဖြိုးသန့်အား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “Kyaw Than Hlaing” အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ်၊ မြဝတီမြို့နယ်၊ အမှတ်(၄) ရပ်ကွက်နေ ကျော်သန်းလှိုင်အား ညနေ ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Zin May Phoo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄)ရပ်ကွက်နေ ဇင်မေဖူးအား ည ၇ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းများ၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဦးခိုက်ပူဇော် ဥပ္ပါတသန္တိစေတီတော် ရွှေစင်ရွှေပြားကပ်လှူကြစို့နော်

**ခင်မောင်ထွန်း(အငြိမ်းစား)**

နေပြည်တော်ရှိ ရဟန်းရှင်လူပြည်သူများ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရသကဲ့သို့ ကြည်ညိုသဒ္ဓါပွားများနိုင်စေရန် ရည်ရွယ်လျက် မူလရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဉာဏ်တော်ထက် တစ်ပေသာလျှော့၍ ဉာဏ်တော်အမြင့် ၃၂၅ ပေရှိ ရွှေတိဂုံပုံစံတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်နိုင်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပေးခဲ့ပါသည်။

သို့ဖြစ်ရာ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရေပြာကျေးရွာအနီးရှိ ဥပ္ပါတသန္တိကုန်းတော်ပေါ်၌ ၂၀၀၆ ခုနှစ် ဩဂုတ်လမှစ၍ စေတီတော်တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ တည်ဆောက်ပူဇော်ရာတွင် အောက်ဖော်ပြပါ မင်္ဂလာအခမ်းအနားကိုးမျိုးဖြင့် ကျင်းပဆောင်ရွက်ခဲ့ပါသည်။

(က) အနန္တရာယိက မြေသန့်မဟာမင်္ဂလာ
(ခ) ပန္နက်တော်တင်၊ တွင်းတော်ဝန်းမဟာမင်္ဂလာ
(ဂ) ရတနာအုတ်မြစ်တော်စီမဟာမင်္ဂလာ
(ဃ) သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ
(င) အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာ
(စ) ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ
(ဆ) အထက်ဌာပနာတော်သွင်း ရွှေထီးတော်တင်မဟာမင်္ဂလာ
(ဇ) စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင် မဟာမင်္ဂလာ
(ဈ) ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ

**စေတီတော်မြတ်ကြီး၏ ထူးခြားချက်များမှာ–**

(က) ကုန်းတော်တွင် အရံစေတီ၊ အာရုံခံတန်ဆောင်းများ၊ ဓမ္မာရုံများ တည်ဆောက်ထားမှုမရှိခြင်း၊
(ခ) အမြင့် ၇၃ ပေ ၈ လက်မမြင့်သော ပရိသတ် ၁၀၀၀၀ ဆံ့သည့် လိုဏ်တော်ကြီး ပါရှိခြင်း၊
(ဂ) လိုဏ်တော်ကြီးအတွင်း ဉာဏ်တော် ၃ ပေ ၂ လက်မရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်လေးဆူ ပူဇော်ထားရှိခြင်း၊
(ဃ) စေတီတော် အရှေ့တောင်ထောင့်နှင့် အနောက်တောင်ထောင့်တို့တွင် ခေတ်လှေကားလေးစင်း တည်ဆောက်ထားခြင်း၊
(င) စေတီတော်တွင် ခြင်္သေ့ရုပ်၊ ဘီလူးရုပ်များ မပါရှိခြင်း၊
(စ) စေတီတော်ပရိဝုဏ် အရှေ့မြောက်ထောင့်တွင် ဘုံခုနစ်ဆင့် ပါရှိသော ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်း မဟာဆုတောင်းပြည့်ဘုရားကြီးကို ပူဇော်ထားရှိခြင်းတို့ ဖြစ်ပါသည်။

စေတီတော်မြတ်ကြီးသို့ အရပ်လေးမျက်နှာမှ စောင်းတန်းလေးသွယ်ဖြင့် တက်ရောက်ဖူးမြော်နိုင်ရန် စီစဉ်ထားရှိပြီး စေတီတော်မြတ်ကြီး၏ ဉာဏ်တော်အမြင့်မှာ –

(က) ရင်ပြင်တော်မှ ပန်းတည်ခုံအထိ ပေ ၂၀
(ခ) ပန်းတည်ခုံမှ ငှက်ပျောဖူးအထိ ၂၆၂ ပေ
(ဂ) ထီးတော်အမြင့် ၄၃ ပေ
(ဃ) ရင်ပြင်တော်မှ ထီးတော်အထိ ၃၂၅ ပေ ရှိပါသည်။

ထို့အပြင် ရင်ပြင်တော်၏ အရှေ့တောင်ထောင့်တွင် အမြင့် ၁၀၈ ပေရှိသော တံခွန်တိုင်၊ အနောက်မြောက်ထောင့်တွင် အကျယ်ပေ ၅၀ ရှိသော အောင်မြေ၊ မုခ်ဦးလေးခုအပြင် အရှေ့မြောက်ထောင့်တွင် မဟာဆုတောင်းပြည့်ဘုရားကြီး ဂန္ဓကုဋိကျောင်းဆောင်တော်တို့ တည်ရှိပါသည်။



စေတီတော်၏လိုဏ်အတွင်းတွင် စကျင်ကျောက်သားဖြင့် ထုလုပ်ထားသည့် ဖွား၊ ပွင့်၊ ဟော၊ စံ အစရှိသည့် ပန်းချီကား ၄၈ ချပ်၊ လိုဏ်အတွင်း မျက်နှာကြက်တွင် သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးနှင့် ပဋ္ဌာန်း(၂၄)ပစ္စည်းတို့ကို ကြေးပန်းတဉ်းလုပ်ငန်း၊ ရွှေဇဝါယွန်းလုပ်ငန်းတို့ဖြင့် ရေးသားဖော်ပြထားပါသည်။

စေတီတော်ပရိဝုဏ်တွင် မာလိနီမင်္ဂလာရေကန်တော်နှင့် ရှင်ဥပဂုတ္တစံကျောင်းတော်၊ စေတီတော်အောက်ခြေပရိဝုဏ်အတွင်း မြေနေရာများတွင် ပွင့်ရောဗောဓိ ၂၈ ပင်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ ဗောဓိညောင်ပင် ၁၀၈ ပင်၊ မဟာဗောဓိညောင်ပင်ကြီးသုံးပင်၊ ဝိသုံဂါမရွှေသိမ်တော်၊ စေတိယပါလစံကျောင်းတော်၊ သာသနာ့မဟာဗိမာန်တော်၊ သံဃာရာမကျောင်းဆောင်လေးဆောင်၊ ပြတိုက်–ပိဋကတ်တိုက်–မော်ကွန်းတိုက်၊ ဂေါပကအဖွဲ့ရုံးနှင့် စေတီတော်အရှေ့တောင်၊ အရှေ့မြောက်၊ အနောက်တောင်ဘက်ခြမ်းတို့၌ နားနေဇရပ်သုံးဆောင် တည်ဆောက်ထားရှိပါသည်။ ထို့အပြင် စေတီတော်၏အနောက်မြောက်ဘက်တွင် ဗုဒ္ဓခြေတော်ရာပြတိုက်ကိုလည်း ဖွင့်လှစ်ပြသပူဇော်ထားရှိပါသည်။

**ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ခဲ့**

အလားတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ၂၀၀၉ ခုနှစ် မတ်လ ၇ ရက်(၁၃၇၀ ပြည့်နှစ် တပေါင်းလပြည့်နေ့)တွင် ရွှေထီးတော်တင်လှူခဲ့ရာ ထီးတော်အောက် ငှက်ပျောဖူးတော်မှ ကြာမှောက်၊ ကြာနုအထိ ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ခဲ့ပါသည်။ ထို့နောက် ဒုတိယအကြိမ်အဖြစ် စေတီတော်တတိယဖောင်းရစ်အောက် သုံးပေအထိ ၂၂၈၀ ဒသမ ၀၃ စတုရန်းပေအား ၁၈–၁–၂၀၁၅ ရက်မှစ၍ ရွှေစင်ရွှေပြားများ စတင်ကပ်လှူခဲ့ရာ ၂ – ၂ – ၂၀၁၅ ရက်တွင် ရွှေစင်ပြားချပ်ရေ ၂၅၅၄ ချပ် ကပ်လှူပြီးစီးခဲ့ပြီး ရွှေစင် ၂၂ ပိဿာ ၈၃ ကျပ်သား ကုန်ကျခဲ့ပါသည်။ ယင်းနောက် စေတီတော်မြတ်ကြီး ဒုတိယဖောင်းရစ် ဧရိယာ ၂၂၀၀ ဒသမ ၉၆ စတုရန်းပေအား ၂၀ – ၁– ၂၀၁၉ ရက်မှစ၍ ရွှေစင် ရွှေပြားများ စတင်ကပ်လှူခဲ့ရာ ၁၉ – ၂ – ၂၀၁၉ ရက်တွင် ရွှေစင်ပြား ချပ်ရေ ၂၂၃၂ ချပ် ကပ်လှူပြီးစီးခဲ့ပြီး ရွှေစင် ၂၂ ပိဿာ ၈ ကျပ်သား ကုန်ကျခဲ့ပါသည်။

ယခုအခါ ကျန်သော ပထမဖောင်းရစ်ဧရိယာ ၃၄၈၅ ဒသမ ၇၈ စတုရန်းပေအား ရွှေစင်ရွှေပြားများ ကပ်လှူရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ရွှေစင် ၃၇ ပိဿာ နှင့် ၅၈ ကျပ်သားခန့် ကုန်ကျမည် ဖြစ်ပါသည်။

ယခင် ဒုတိယဖောင်းရစ်အား ရွှေစင်ရွှေပြားများ ကပ်လှူစဉ်က ရွှေလက်ကျန် ၁ ပိဿာ ၁၀ ကျပ်သား ကျန်ရှိနေပြီး ပထမဖောင်းရစ် ဧရိယာ ၃၄၈၅ ဒသမ ၇၈ စတုရန်းပေအား ရွှေစင်ရွှေသားများ ကပ်လှူပူဇော်နိုင်ရန်အတွက် တစ်ပေပတ်လည် ရွှေစင်ရွှေပြားတစ်ချပ်လျှင် ကျပ် ၂၅ သိန်းနှုန်းဖြင့် အလှူခံ ဆောင်ရွက်လျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများအလိုက်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်လည်းကောင်း လာရောက်လှူဒါန်းမှုမှာ ၁၉ – ၁– ၂၀၂၄ ရက်အထိ ရွှေစင်ရွှေပြားချပ်ရေ ၃၆၉ ချပ်အတွက် ငွေကျပ် ၆၁၉၇၆၀၁၀၀ ရရှိနေပြီ ဖြစ်ပါသည်။

**ဆရာတော်ကြီးများ၏ ဩဝါဒတော်များကိုခံယူ**

စေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြားများကပ်လှူရန်အတွက် စေတီတော်ဂေါပကအဖွဲ့သည် ဒေသခံ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒတော်များကို ခံယူ၍လည်းကောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့၏လမ်းညွှန်မှုကို ခံယူ၍လည်းကောင်း၊ လုပ်ငန်းကော်မတီအပါအဝင် ဆပ်ကော်မတီ ၁၂ ခုကို ဖွဲ့စည်း၍ လုပ်ငန်းများအား စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ တစ်နိုင်ငံလုံးရှိ ဒေသအသီးသီးမှ ပါရမီရှင် အလှူရှင်များကလည်း ရွှေစင်ရွှေပြားအပါအဝင် အလှူငွေများကို ထည့်ဝင်လှူဒါန်းလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကြံ့တောင့်ကြံ့ခံဖြစ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ် ဧရိယာ ၃၄၈၅ ဒသမ ၇၈ စတုရန်းပေအား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ရေးတွင် သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းလျက် စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ မဟာထေရ် ရေးသားချီးမြှင့်တော်မူသော–

“စေတီဘုရား ရွှေပြားကိုလှူ
ကြွယ်ဇဋ္ဌိလ သဒိသပုံတူ
ကောင်းဂုဏ်သတင်း သင်းသင်းကြူကြူ
ရွှေတောင်ပေါက် ဝမ်းမြောက်ပျော်တဲ့သူ”

ဟူသော ရွှေစင်ရွှေသားရွှေပြားသက်န်းတော်လှူဒါန်းခြင်း အကျိုးပြလင်္ကာကို မျှဝေဖော်ပြ၍ တိုက်တွန်းအပ်ပါသည်။ ။

❁ ယခင် ဒုတိယဖောင်းရစ်အား ရွှေစင်ရွှေပြားများ ကပ်လှူစဉ်က ရွှေလက်ကျန် ၁ ပိဿာ ၁၀ ကျပ်သား ကျန်ရှိနေပြီး ပထမဖောင်းရစ် ဧရိယာ ၃၄၈၅ ဒသမ ၇၈ စတုရန်းပေအား ရွှေစင်ရွှေသားများ ကပ်လှူပူဇော်နိုင်ရန်အတွက် တစ်ပေပတ်လည် ရွှေစင်ရွှေပြားတစ်ချပ်လျှင် ကျပ် ၂၅ သိန်းနှုန်းဖြင့် အလှူခံ ဆောင်ရွက်လျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများ အလိုက်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်လည်းကောင်း လာရောက်လှူဒါန်းမှုမှာ ၁၉ - ၁- ၂၀၂၄ ရက်အထိ ရွှေစင်ရွှေပြားချပ်ရေ ၃၆၉ ချပ်အတွက် ငွေကျပ် ၆၁၉၇၆၀၁၀၀ ရရှိနေပြီဖြစ်

# ကျိုင်းတုံမြို့၌ (၄၈)ကြိမ်မြောက် ‘ဝ’ တိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပ

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၆**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ (၄၈)ကြိမ်မြောက် ‘ဝ’ တိုင်းရင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ဖေဖော်ဝါရီ ၁၆ ရက်က မိုင်းဇင်းကျေးရွာအုပ်စု ပင်းဆိုင်း ‘ဝ’ ရွာတွင် ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) အဖွဲ့ဝင်-၂ ဦးမင်းညိုက အမှာစကား ပြောကြားပြီး ‘ဝ’ တိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီသို့ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ‘ဝ’ တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်က နှစ်သစ်ဂါရဝဆုတောင်းစကား ပြောကြားသည်။ ယင်းနောက် ‘ဝ’ တိုင်းရင်းသားများက ရိုးရာယဉ်ကျေးမှု အက၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်၍ ဧည့်ပရိသတ်များအား ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံကြသည်။

ရွက်ဟောင်းကြွေပြီး ရွက်သစ်များဝေဆာပွင့်ဖူးသည့် တပို့တွဲလဆန်း ၁ ရက်နေ့ကို ‘ဝ’ တိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်အဖြစ် သတ်မှတ်ကြပြီး အဆိုပါပွဲတော်တွင် ‘ဝ’ တိုင်းရင်းသားတို့၏ လယ်/ယာများမှ ထွက်ရှိသည့် ကောက်ပဲသီးနှံများ၊ ရိုးရာအစားအစာများကို တည်ခင်းဧည့်ခံကာ ဘူးပလွေ၊ အိုးစည်ဗုံမောင်း၊ ရိုးရာအကများဖြင့် စိတ်တူကိုယ်တူ ညီညီညွတ်ညွတ် ပျော်ရွှင်စွာဖြင့် စုပေါင်းဆင်နွှဲကြကြောင်း သိရသည်။

**အောင်ဇင်မြင့်**

**(ပြန်/ဆက်)**

# ဂျပန်ကုမ္ပဏီ ၃၀၀ ကျော်က မြန်မာအလုပ်သမား ၉၀၀ ကျော် ခေါ်ယူမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ဂျပန်ကုမ္ပဏီ ၃၀၀ ကျော်က မြန်မာအလုပ်သမားဦးရေ ၉၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း တိုကျိုမြို့ရှိ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ဖေဖော်ဝါရီ ၁၅ ရက်တွင် ထုတ်ပြန်လိုက်သည်။

မြန်မာသံရုံး တိုကျိုမြို့မှ ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အတွင်းစိစစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၃၀၂ ခုနှင့် ပတ်သက်သည့် အချက်အလက်များအား ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ထုတ်ပြန်ချက်အရ ဂျပန်ကုမ္ပဏီ ၃၀၀ ကျော်က မြန်မာအလုပ်သမား အမျိုးသား ၃၀၀ ကျော်၊ အမျိုးသမီး ၆၀၀ ကျော် စုစုပေါင်း ဦးရေ ၉၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်အရ မြန်မာသံရုံး တိုကျိုမြို့အနေဖြင့် အလုပ်သမားဝန်ကြီးဌာနက နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် ပေးပို့လာသည့် အလုပ်ကမ်းလှမ်းစာ (Demand Letter) များကို အချိန်နှင့်တစ်ပြေးညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ စိစစ်ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံရှိအလုပ်သမားကြီးကြပ်ရေးကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့် စက်ရုံ/ ကုမ္ပဏီများသည် ဂျပန်နိုင်ငံတွင် တရားဝင်တည်ထောင်ထားခြင်း ရှိ/ မရှိ စာရွက်စာတမ်း အထောက်အထားများ စိစစ်ပြီး စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၁၆ ရက်မှ ၃၁ ရက်အတွင်းကလည်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စိစစ်ပေးပို့ပြန်ကြားခဲ့သော အလုပ်ကမ်းလှမ်းစာ ၄၁၆ ခုတွင် မြန်မာအလုပ်သမား အမျိုးသား ၄၀၀ ကျော်၊ အမျိုးသမီး ၉၀၀ ကျော် စုစုပေါင်း ဦးရေ ၁၃၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း တိုကျိုမြို့ရှိ မြန်မာသံရုံးက ထုတ်ပြန်ခဲ့သည်။

**MT**

# ဝမ်းချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာလက်ဝှေ့ကစားသမား စိုးလင်းဦးနှင့် သန့်စင်တို့ ဂျပန်နှင့် ထိုင်းကစားသမားတို့ကို အလဲထိုးဖြင့်အနိုင်ရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ONE Championship : ONE FRIDAY FIGHTS 52 KULABDAM Vs JULIO LOBO : CATCHWEIGHT MUAY THAI ပြိုင်ပွဲပြိုင်ပွဲကို ယနေ့ညပိုင်းက ထိုင်းနိုင်ငံ၌ကျင်းပရာ မြန်မာနိုင်ငံကိုယ်စားပြု စိုးလင်းဦးနှင့် သန့်စင်တို့ ဂျပန်၊ ထိုင်းကစားသမားများကို အလဲထိုးဖြင့် အနိုင်ရရှိကြောင်း သိရသည်။

အဆိုပါ One Championship တွင် ပထမဆုံး ပွဲဦးထွက် ယှဉ်ပြိုင်ပွဲအဖြစ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံ စိုးလင်းဦးနှင့် ဂျပန်ဖိုက်တာ ဆူဟာချီတို့ပြိုင်ပွဲတွင် ဂျပန်ကစားသမားက စိုးလင်းဦးထက် အရပ်အမောင်းမြင့်မားပြီး စိုးလင်းဦးကို ပထမအချီ၌ ခြေကန်ချက်ဖြင့် ကစားခဲ့ကာ စိုးလင်းဦး လဲခဲ့သည်။ ဒုတိယအချီတွင် စိုးလင်းဦး လက်သီးတွဲလုံးများ တရစပ်ထိုးခဲ့ပြီး တတိယအချီတွင်ဂျပန်ကစားသမားပြိုလဲကာ အမှတ်စဉ်ရေတွက်ခံသည်။ တတိယအချီမှာပင် စိုးလင်းဦးက ဆူဟာချီကို ထပ်မံလက်သီး တံတောင်ထိုးချက်ကြောင့် ဟာချီကို ပြိုလဲကာ ဒိုင်ပွဲရပ်ဖြင့် စိုးလင်းဦး အလဲထိုးအနိုင်ရရှိသွားသည်။

နောက်တစ်ပွဲဖြစ်သည့် သန့်စင်(ရှောင်လေး)က ပြိုင်ဘက် ဝါရင့်မွေထိုင်းဖိုက်တာကြီး ဂျိတ်ဆင်းကို ဒုတိယအချီမှာပင် အလဲထိုးဖြင့် ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့သည်။ ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု စိုးလင်းဦးနှင့် သန့်စင်တို့သည် ONE Championship ပြိုင်ပွဲကို ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

**အာကာစိုး**



စိုးလင်းဦးနှင့် ဂျပန်ဖိုက်တာ ဆူဟာချီတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

# ကိုရီးယားသမ္မတနိုင်ငံသို့ ရာသီချိန်လုပ်သား စေလွှတ်မည်ဟုဆိုကာ ငွေကြေးလိမ်လည်မှုများရှိနေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ကိုရီးယားသမ္မတနိုင်ငံသို့ ရာသီချိန်လုပ်သားစေလွှတ်မည်ဟုဆို၍ ငွေကြေးလိမ်လည်မှုများရှိနေကြောင်း စုံစမ်းမေးမြန်းထားချက်များအရ သိရသည်။

ရာသီချိန်လုပ်သားအဖြစ် သွားရမည်ဟုဆိုကာ အင်တာနက်လူမှုကွန်ရက်စာမျက်နှာများထက်တွင် ကြော်ငြာကာ လိမ်လည်ခြင်းများ ဖြစ်ပွားနေခြင်းဖြစ်ကြောင်း သိရသည်။

“သွားရမယ်ဆိုလို့ ငွေလည်းသွင်းထားတယ်။ ပြီးတော့ အကြောင်းမပြန်ဘူး။ မသွားရသေးဘူးဆိုရင် ငွေပြန်ထုတ်ပေးဆိုတော့လည်း မပေးတာနဲ့ တရားစွဲမယ်ပြောမှ ထုတ်ပေးတယ်” ဟု အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦးက ဆိုသည်။

အချို့က အွန်လိုင်းတွင် ဆက်သွယ်ကာ ငွေပမာဏအချို့ပေးပြီးနောက် ပြန်လည်ဆက်သွယ်မလာတော့ခြင်းများ ရှိကြောင်းလည်း သိရသည်။

“တချို့က အွန်လိုင်းမှာတွေ့တယ်။ လူကိုယ်တိုင်သွားတယ်။ ပြီးတော့ ငွေပေးလိုက်ပြီး အဆက်အသွယ်မရတော့တာလည်းရှိတယ်။ တချို့က ငွေအနည်းငယ်ကို အကြိုဆိုပြီး အွန်လိုင်းကလွှဲပေးတာမျိုးတောင် ရှိတယ်။ တာဝန်ရှိသူတွေရဲ့ တရားဝင်ပြောကြားချက်ကိုပဲ အတည်ယူစေချင်တယ်” ဟု အခြားလူငယ်တစ်ဦးက ဆိုသည်။

ရာသီချိန်လုပ်သားခေါ်ယူသည်ဟုဆိုကာ လိမ်လည်မှုများနှင့် ပတ်သက်၍ “ပွဲစားတွေ လိမ်နေတာမခံကြနဲ့။ ကိုယ်တွေလည်း မသွားရလို့ ပိုက်ဆံတွေ မနည်းရအောင်ပြန်တောင်းရတယ်။ ပိုက်ဆံပဲ ပြန်တောင်းကြ”ဟူ၍လည်းကောင်း၊ “ မသွားတော့ဘူးပြောရင်လည်း သွင်းပြီးပိုက်ဆံအရှုံးတဲ့” ဟု အလိမ်ခံရသူအချို့က လူမှုကွန်ရက်ဖေ့စ်ဘုတ်တွင် ရေးသားထားသည်။ ရာသီချိန် လုပ်သားခေါ်ယူမှုနှင့် ပတ်သက်၍ ကိုရီးယားသမ္မတနိုင်ငံဘက်မှ တရားဝင်ပြန်ကြားချက် မရသေးကြောင်းလည်း သိရသည်။

**MT**

# အဆင့်မြင့် ဒစ်ဂျစ်တယ်ပညာရေးအစီအစဉ်ဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအား အူရီဒူးမြန်မာက ပံ့ပိုးကူညီပေးသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံတစ်ဝန်းရှိ လိုအပ်သည့်နေရာများတွင် ပညာသင်ကြားရေးစနစ် ပိုမိုထိရောက်ကောင်းမွန်လာစေရန်ရည်ရွယ်၍ “ဒစ်ဂျစ်တယ်ပညာရေးအစီအစဉ်” ဖြင့် အူရီဒူးမြန်မာက ပံ့ပိုးမြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း Melia Hotel ၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

“ယခုစတင်ဆောင်ရွက်လိုက်တဲ့ ဒစ်ဂျစ်တယ်ပညာရေးအစီအစဉ်က ခေတ်မီဆန်းသစ်တဲ့ ဒစ်ဂျစ်တယ်နည်းပညာတွေကို အသုံးပြုပြီး သင်ယူလေ့လာရင်း ပိုမိုတိုးတက်ကောင်းမွန်တဲ့ လူနေမှုဘဝတွေကို ရရှိပိုင်ဆိုင်နိုင်အောင် ပံ့ပိုးမြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီကနဦး အစီအစဉ်ကနေ နိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၁ ကျောင်းမှာ သူငယ်တန်းကစပြီး Grade-12 အထိ ကျောင်းသား ကျောင်းသူဦးရေ ၃၀၀၀ ခန့်ရဲ့ ပညာသင်ယူမှုဆိုင်ရာ အတွေ့အကြုံကို နှစ်စဉ် မြှင့်တင်ပေးနိုင်ဖို့ ရည်ရွယ်ထားပါတယ်။ အူရီဒူးမြန်မာအနေနဲ့ လူမှုအသိုင်းအဝိုင်းတွေရဲ့ ပညာရေးနဲ့လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံတွေသာမက ထပ်မံအဆင့်မြှင့်တင်ပြီး အဆင့်မြင့် ဒစ်ဂျစ်တယ်ပညာရေးကို ပံ့ပိုးပေးနိုင်လို့ ဝမ်းသာပီတိဖြစ်ရပါတယ်”ဟု အူရီဒူးမြန်မာ၏ Acting CEO ဖြစ်သူ Mr. Chris Peirce က ပြောသည်။

အဆိုပါအစီအစဉ်၏ ပထမခြေလှမ်းအနေဖြင့် မန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ပျဉ်းမနားမြို့ အပါအဝင် တိုင်းဒေသကြီး ခြောက်ခုရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၁ ကျောင်းတွင် ဒစ်ဂျစ်တယ်ပညာရေးအစီအစဉ် ဖော်ဆောင်ပံ့ပိုးပေးထားပြီးဖြစ်ကြောင်း သိရသည်။ ၎င်းအစီအစဉ်ဖြင့် ကျောင်းသားများ၏ ပညာသင်ယူလေ့လာမှုအတွေ့အကြုံကို မြှင့်တင်ပေးနိုင်မည်သာမက ဆရာ ဆရာမများအနေဖြင့်လည်း ဒစ်ဂျစ်တယ်ပလက်ဖောင်းမှ ခေတ်မီပညာသင်ကြားရေးနည်းစနစ်များကို အသုံးပြုကာ ပိုမိုလွယ်ကူချောမွေ့စွာ သင်ကြားနိုင်မည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာအနေဖြင့် ၎င်းဒစ်ဂျစ်တယ်ပညာရေးအစီအစဉ်ကို နိုင်ငံတစ်ဝန်းရှိ လိုအပ်သည့်နေရာဒေသများစွာသို့ ပိုမိုတိုးချဲ့ပံ့ပိုးပေးခြင်းဖြင့် လူနေမှုဘဝများကို မြှင့်တင်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

## PREMIER LEAGUE GAME WEEK – 25

ယခုတစ်ပတ်မှာ ပရီမီယာလိဂ်ပွဲစဉ် (၂၅) ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ မန်စီးတီးက ချယ်ဆီး၊ ရှက်ဖီးလ်က ဘရိုက်တန်၊ လူတန်က မန်ယူ၊ အဲဗာတန်က ပဲလေ့စ်စတဲ့ အသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

| ပရီမီယာလိဂ် ပွဲစဉ် (၂၅) | |
|---|---|
| ၁၇-၂-၂၀၂၄ | စနေနေ့ |
| ဘရန့်ဖို့ဒ် – လီဗာပူး | ည ၆း၀၀ |
| ဘန်လေ – အာဆင်နယ် | ည ၉း၃၀ |
| ဖူလ်ဟမ် – ဗီလာ | ည ၉း၃၀ |
| ကာဆယ် – ဘုန်းမောက် | ည ၉း၃၀ |
| ဖောရက်စ် – ဝက်စ်ဟမ်း | ည ၉း၃၀ |
| စပါး – ဝုဖ် | ည ၉း၃၀ |
| မန်စီးတီး – ချယ်ဆီး | နံနက် ၁၂း၀၀ |
| ၁၈-၂-၂၀၂၄ | တနင်္ဂနွေ |
| ရှက်ဖီးလ် – ဘရိုက်တန် | ည ၈း၃၀ |
| လူတန် – မန်ယူ | ည ၁၁း၀၀ |
| ၁၉-၂-၂၀၂၄ | တနင်္လာနေ့ |
| အဲဗာတန် – ပဲလေ့စ် | နံနက် ၂း၃၀ |
| ၂၀-၂-၂၀၂၄ | အင်္ဂါနေ့ |
| မန်စီးတီး – ဘရန့်ဖို့ဒ် | နံနက် ၂း၀၀ |

# တန်းဆင်းဇုန်ဖိအားရှိတဲ့ လူတန်အနေနဲ့ ခြေစွမ်းထက်လာတဲ့ မန်ယူကို အနိုင်ယူဖို့ မလွယ်ဘူး

### လူတန် VS မန်ယူ

**လူတန်နဲ့ မန်ယူအသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| မန်ယူ | ၁ – ၀ | လူတန် | ပရီမီယာလိဂ် |
| လူတန် | ၀ – ၃ | မန်ယူ | အက်ဖ်အေ |
| မန်ယူ | ၁ – ၁ | လူတန် | ပရီမီယာလိဂ် |

တန်းဆင်းဇုန်ဖိအားရှိတဲ့ လူတန်အနေနဲ့ မန်ယူကို နိုင်ပွဲရဖို့ လိုအပ်နေပေမယ့် လတ်တလော မန်ယူရဲ့ ခြေစွမ်းပြမှုကြောင့် နိုင်ပွဲရဖို့ မလွယ်ကူတဲ့ အခြေအနေမှာရှိတယ်။ ဒါ့အပြင် မန်ယူက ဂိုးသမား အိုနာနာလက်စွမ်းပြမှုနဲ့အတူ နောက်ဆုံးလေးပွဲဆက် နိုင်ပွဲရရှိထားတယ်။ မန်ယူအသင်းက လူတန်အသင်းထက် ခြေစွမ်းပိုင်းသာလွန်မှုရှိတယ်ဆိုပေမယ့် ရရှိလာတဲ့ အခွင့်အရေးကို အသင်းကစားသမားတွေ ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်းမရှိခဲ့ရင် ပေးဆပ်မှုကြီးမားသွားနိုင်တယ်။ သို့သော်လည်း ခြေစွမ်းထက်နေတဲ့ မန်ယူအသင်း ငါးပွဲဆက် နိုင်ပွဲရရှိနိုင်တယ်။

### မန်စီးတီး VS ချယ်ဆီး

**မန်စီးတီးနဲ့ ချယ်ဆီးအသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| ချယ်ဆီး | ၄ – ၄ | မန်စီးတီး | ပရီမီယာလိဂ် |
| မန်စီးတီး | ၁ – ၀ | ချယ်ဆီး | ပရီမီယာလိဂ် |
| မန်စီးတီး | ၄ – ၀ | ချယ်ဆီး | အက်ဖ်အေ |

မန်စီးတီးက ဒီရာသီပရီမီယာလိဂ်မှာ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်ထားနိုင်တယ်။ ပြိုင်ဘက်ချယ်ဆီးက တိုက်စစ်စွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်ရှိနေသလို ခံစစ်ပိုင်းကလည်း တည်ငြိမ်မှု အားနည်းတယ်။ ဒီနှစ်သင်းတွေ့ဆုံခဲ့တဲ့ ပထမအကျော့ စတန်းဖို့ဒ်ဘရစ်မှာ ပြိုင်ဆိုင်မှုပြင်းထန်ပြီး နှစ်ဖက်သွင်းဂိုးပေါင်း ရှစ်ဂိုးအထိ ရှိခဲ့တယ်။ မန်စီးတီးအသင်းက ရှုံးမှတ်ဆုံးရှုံးမှုမဖြစ်ပေါ်ရေး အသင်းကို ပြင်ဆင်လာမှာဖြစ်သလို ချယ်ဆီးအသင်းကလည်း သုံးပွဲဆက်နိုင်ပွဲရရှိရေး ဦးတည်လာမှာပါ။ အဆုံးသတ်သေချာတဲ့အသင်း နိုင်ပွဲရရှိမယ်။

### ရှက်ဖီးလ် VS ဘရိုက်တန်

**ရှက်ဖီးလ်နဲ့ ဘရိုက်တန်အသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| ရှက်ဖီးလ် | ၂ – ၅ | ဘရိုက်တန် | အက်ဖ်အေ |
| ဘရိုက်တန် | ၁ – ၁ | ရှက်ဖီးလ် | ပရီမီယာလိဂ် |
| ရှက်ဖီးလ် | ၁ – ၀ | ဘရိုက်တန် | ပရီမီယာလိဂ် |

အမှတ်ပေးဇယားအောက်ဆုံးရပ်တည်နေတဲ့ ရှက်ဖီးလ်အနေနဲ့ ခြေစွမ်းသာလွန်မှုရှိတဲ့ ဘရိုက်တန်ကို မဖြစ်မနေနိုင်ပွဲရဖို့ လိုအပ်နေတယ်။ ဒါပေမယ့် ရှက်ဖီးလ်က ဒီရာသီပရီမီယာလိဂ်မှာ တိုက်စစ်၊ ခံစစ်အဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေတာကြောင့် ဘရိုက်တန်ကို အသာရဖို့ ခက်မယ်။ ဘရိုက်တန်ကလည်း ပြီးခဲ့တဲ့ပွဲမှာ ရှုံးနိမ့်ထားတာကြောင့် ရှက်ဖီးလ်ကို နိုင်ပွဲရရေး ခြေကုန်ထုတ်လာမှာပါ။ မည်သို့ပင်ဆိုစေ ခြေစွမ်းသာလွန်မှုရှိတဲ့ ဘရိုက်တန်အသင်းထက် တန်းဆင်းဇုန်က လွတ်မြောက်ရေး ကြိုးစားလာမယ့် ရှက်ဖီးလ်ရဲ့ ရုန်းအားကို ကြည့်ရမယ်။

### အဲဗာတန် VS ပဲလေ့စ်

**အဲဗာတန်နဲ့ ပဲလေ့စ်အသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| အဲဗာတန် | ၁ – ၀ | ပဲလေ့စ် | အက်ဖ်အေ |
| ပဲလေ့စ် | ၀ – ၀ | အဲဗာတန် | အက်ဖ်အေ |
| ပဲလေ့စ် | ၂ – ၃ | အဲဗာတန် | ပရီမီယာလိဂ် |

အမှတ်ပေးဇယားရပ်တည်မှုအရသော်လည်းကောင်း၊ တန်းဆင်းဇုန်အတွင်း ကျရောက်နေတာကြောင့်သော်လည်းကောင်း အဲဗာတန်က ပဲလေ့စ်ကို အနိုင်ရဖို့ လိုအပ်တယ်။ နှစ်သင်းကြား ခြေစွမ်းကွာဟမှု ကြီးကြီးမားမား မရှိဘူးဆိုပေမယ့် နောက်ဆုံးသုံးကြိမ်ထိပ်တိုက်တွေ့ဆုံမှုမှာ အဲဗာတန်က နှစ်ကြိမ်နိုင်ပွဲရထားပြီး တစ်ကြိမ်သရေကျထားတယ်။ ပဲလေ့စ်က ဒီရာသီမှာ အိမ်ကွင်း၊ အဝေးကွင်း ခြေစွမ်းတည်ငြိမ်မှုရှိတယ်။ အက်ဖ်အေဖလားရှုံးကြေးပြန်ဆပ်ဖို့ ကြိုးစားလာမယ့် ပဲလေ့စ်ထက် တန်းဆင်းဇုန်က လွတ်မြောက်ဖို့ ကြိုးစားလာမယ့် အဲဗာတန် နိုင်ပွဲရရှိမယ်။

ယခုတစ်ပတ် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းနဲ့ ၂၂ ရက် နံနက်ပိုင်းမှာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အင်တာမီလန်က အက်သလက်တီကိုမက်ဒရစ် (အေတီမက်)၊ နာပိုလီက ဘာစီလိုနာတို့ ဆုံတွေ့တဲ့ ပွဲစဉ်ပါဝင်ပါတယ်။

# ချန်ပီယံလိဂ် (၁၆) သင်းအဆင့် ပထမအကျော့ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားမည်



### ပီအက်စ်ဗွီ VS ဒေါ့မွန်

ဗုဒ္ဓဟူး | နံနက် ၂း၃၀

ပီအက်စ်ဗွီအသင်းအနေနဲ့ နယ်သာလန်လိဂ်မှာ အကောင်းဆုံးခြေစွမ်း ပြသထားနိုင်ပြီး လိဂ် ၂၁ ပွဲကစားပြီးချိန်မှာ ၁၉ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားကာ ရှုံးပွဲကြုံတွေ့ထားခြင်း မရှိသေးဘူး။ ဒါပေမယ့် ချန်ပီယံလိဂ်နောက်ဆုံးငါးပွဲမှာတော့ နှစ်ပွဲနိုင်ပြီး သုံးပွဲသရေကျထားတယ်။

ပြိုင်ဘက် ဒေါ့မွန်အသင်းက ဘွန်ဒက်စ်လီဂါမှာ ထိုက်သင့်တဲ့ ခြေစွမ်းကို ပြသထားနိုင်တယ်။ ဒါ့အပြင် ချန်ပီယံလိဂ်မှာလည်း ခြေစွမ်းကောင်း ပြသထားနိုင်တာ တွေ့ရတယ်။ ဆန်ချိုပြန်လည်ပါဝင်လာမှုနဲ့အတူ အသင်းရဲ့ စုဖွဲ့မှုက ပိုပြီး ကျစ်လျစ်လာတဲ့အပြင် တိုက်စစ်ကို အရေးပါတဲ့ ပံ့ပိုးမှုတွေ ပြုလုပ်လာနိုင်တာကြောင့် ပီအက်စ်ဗွီအနေနဲ့အိမ်ကွင်းမှာ ဧည့်ခံကစားရသော်ငြား ဒေါ့မွန်ကို အသာရဖို့ ခက်မယ်။ အသင်းစွမ်းဆောင်ရည်ပိုင်း သာမန်ထက် မပိုခဲ့ရင် ပီအက်စ်ဗွီအောင်ပွဲခံမယ်။

### နာပိုလီ VS ဘာစီလိုနာ

ကြာသပတေး | နံနက် ၂း၃၀

ဒီရာသီမှာ စီးရီးအေကလပ် နာပိုလီအသင်းရော လာလီဂါကလပ် ဘာစီလိုနာအသင်းပါ ပုံမှန်ခြေစွမ်းပြသနိုင်ဖို့ ရုန်းကန်နေရတယ်။ ဒါပေမယ့် ဒီနှစ်သင်းတွေ့ဆုံတိုင်း အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရလေ့ရှိတယ်။

နာပိုလီအသင်းမှာ အဓိက တိုက်စစ်ကစားသမား အိုစင်မန်ဒဏ်ရာကြောင့် ဒီပွဲစဉ်ကို ပါဝင်ကစားဖို့ မသေချာဘူး။ ဘာစီလိုနာမှာ အဓိက တိုက်စစ်ကစားသမား လီဝမ်ဒေါစကီးရှိပေမယ့် ဂိုးသွင်းယူမှုအပိုင်းမှာ ထက်မြက်မှု မရှိတော့ဘူး။ ဒါ့အပြင် ဘာစီလိုနာအသင်းအနေနဲ့ ချန်ပီယံလိဂ် နောက်ဆုံးသုံးပွဲမှာ နှစ်ပွဲအထိ ရှုံးနိမ့်ထားတာကြောင့် နာပိုလီကို ခက်ခက်ခဲခဲရင်ဆိုင်ရဖွယ်ရှိတယ်။ မည်သို့ပင်ဆိုစေ ဘာစီလိုနာအသင်းထက် အိမ်ကွင်းမှာ ဧည့်ခံကစားရမယ့် နာပိုလီအသင်း ရလဒ်ကောင်း ရရှိဖွယ်ရှိတယ်။

### အင်တာမီလန် VS အေတီမက်

ဗုဒ္ဓဟူး | နံနက် ၂း၃၀

အင်တာမီလန်အသင်းရဲ့ ခြေစွမ်းက ဒီရာသီမှာ အကောင်းဆုံးပုံစံရှိနေတယ်။ တိုက်စစ်ပိုင်း ထက်မြက်မှုရှိသလို ခံစစ်ပိုင်းလည်း တည်ငြိမ်မှုရှိတယ်။ ပြိုင်ဘက် အေတီမက်က ခြေစွမ်းကောင်းမွန်မှုရှိပေမယ့် တိုက်စစ်က အဆုံးသတ်ပိုင်း အားနည်းတယ်။ ဒါပေမယ့် ချန်ပီယံလိဂ်မှာ အင်တာမီလန်က နောက်ဆုံးနှစ်ပွဲဆက် သရေကျထားပြီး အေတီမက်က နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲရရှိထားတယ်။ မည်သို့ပင်ဆိုစေ အေတီမက်အသင်းထက် အင်တာမီလန်အသင်း ရလဒ်ကောင်း ရရှိဖွယ်ရှိတယ်။

### ပေါ်တို VS အာဆင်နယ်

ကြာသပတေး | နံနက် ၂း၃၀

ပေါ်တူဂီလိဂ်မှာ ပေါ်တိုရဲ့ ခြေစွမ်းက ကောင်းမွန်မှုရှိတယ်ဆိုပေမယ့် ပရီမီယာလိဂ်ကလပ် အာဆင်နယ်ကို အနိုင်ရဖို့ မလွယ်ကူတဲ့ အခြေအနေမှာရှိတယ်။

အာဆင်နယ်က နောက်ပိုင်းပွဲစဉ်တွေမှာ ကျစ်ကျစ်လျစ်လျစ်နဲ့ ချိတ်ဆက်ကစားပုံ ကောင်းမွန်လာတယ်။ ဒါ့အပြင် ခံစစ်ပိုင်း တည်ငြိမ်မှုရှိပြီး တိုက်စစ်ပိုင်း ထက်မြက်မှုရှိလာတယ်။ ဒါကြောင့် ပေါ်တိုအသင်းအနေနဲ့ အိမ်ကွင်းမှာ လက်ခံယှဉ်ပြိုင်ကစားရသော်ငြား အာဆင်နယ်အသင်းရဲ့ တိုက်စစ်ကို ထိန်းချုပ်ဟန့်တားဖို့ အခက်တွေ့နိုင်တယ်။ ပေါ်တိုအသင်းထက် အာဆင်နယ်အသင်း ရလဒ်ကောင်း ရရှိမယ်။

■ မိုးဇက် – စုစည်းသည်

# နေပြည်တော်ကောင်စီအဖွဲ့ဝင်များ လယ်ဝေးမြို့နယ် သာဝတ္ထိတိုက်နယ်ဆေးရုံ၌ ကွင်းဆင်းဆေးကုသပေးမှုများကို ကြည့်ရှုအားပေး



**လယ်ဝေး ဖေဖော်ဝါရီ ၁၆**

နေပြည်တော်ကောင်စီ အဖွဲ့ဝင်များဖြစ်သည့် ဦးမင်းဦးနှင့် ဦးဟန်သူတို့သည် နေပြည်တော်ကုသရေးဦးစီးဌာနမှ ဦးဆောင်၍ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင် - ၃၀၀) ဆေးရုံကြီးနှင့် လယ်ဝေးမြို့နယ် (ခုတင် - ၁၀၀)ဆေးရုံမှ အထူးကုဆရာဝန်များပါဝင်သောအဖွဲ့မှ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိတိုက်နယ်ဆေးရုံ၌ သာဝတ္ထိကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအုပ်စု ကိုးအုပ်စုမှ ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေးပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက်ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေးပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးရာ ကျန်းမာရေးဝန်ကြီးဌာန၊ နေပြည်တော်တိုင်း ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်စိုး၊ လယ်ဝေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကိုနှင့် တာဝန်ရှိသူများ ဒေသခံပြည်သူများအား အထူးကုဆရာဝန်ကြီးများက ကွင်းဆင်း၍ အခမဲ့ဆေးကုသပေးပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို လိုက်လံရှင်းလင်းပြသရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်များက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များက အထူးကုဆရာဝန်ကြီးများအား ဂုဏ်ပြုသစ်သီးခြင်း လက်ဆောင်ပေးအပ်ပြီး လာရောက်ဆေးကုသမှုခံယူသည့် ဒေသခံပြည်သူများအား ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များ၊ အာဟာရပြည့်စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ယနေ့ အခမဲ့ဆေးကုသပေးပြီး ကျန်းမာရေးစောင့်ရှောက်ပေးရာတွင် အထူးကုဆရာဝန်များက အထွေထွေရောဂါလူနာ ၈၈ ဦး၊ မျက်စိလူနာ ၁၀၄ ဦး၊ ခွဲစိတ် ၂၆ ဦး၊ အရိုးလူနာ ၆၉ ဦး၊ ကလေးလူနာ ၃၁ ဦး၊ သားဖွားမီးယပ်လူနာ ၁၀ ဦး၊ သွားလူနာ ၃၇ ဦး စုစုပေါင်းလူနာ ၃၆၅ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး လူနာ ၄၉ ဦးကို ဆေးရုံကြီးများသို့ လွှဲပြောင်း၍ ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ဆက်လက်၍နေပြည်တော်ကောင်စီအဖွဲ့ဝင်များသည် လယ်ဝေးမြို့နယ် (ခုတင် - ၁၀၀) ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံသန့်ရှင်းသာယာရေးဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုကာ ဆေးရုံရှေ့မျက်နှာစာတွင် ပန်းခြံပြုလုပ်ရန်အတွက် စီစဉ်ဆောင်ရွက်နေမှုများကို ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝေကြည်(မြန်/ဆက်)**

## အောင်လံမြို့၌ မီးဘေးအန္တရာယ်ကင်းဝေးစေရေး အသိပညာပေးနှီးဆော်

**အောင်လံ ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ယခုအချိန်အခါသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးရည်ရွယ်၍ ယမန်နေ့ညပိုင်းက မြို့ပေါ်ရပ်ကွက်များအတွင်း မီးငြိမ်းသတ်ယာဉ်ဖြင့် လှည့်လည်အသိပညာပေးနှိုးဆော်ခဲ့သည်။

အဆိုပါနှိုးဆော်မှုတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ မိဘပြည်သူများအနေဖြင့် မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် မီးသတိပြုလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ အသိပညာပေး လှည့်လည်နှိုးဆော်ခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(မြန်/ဆက်)**

❍ *ကျောဖုံးမှ*

ပြင်သစ်ကလပ် ရင်းနက်စ်အသင်းသည် အေစီမီလန်အသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ ဟန့်တားရှင်းထုတ်မှုကြောင့် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။ အေစီမီလန်အသင်းမှ ကွင်းလယ်တိုက်စစ်ကစားသမား လော့တပ်ချိစ်ခ် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုးနှစ်ဂိုး ရယူနိုင်ခဲ့သည်။

အဆိုပါသွင်းဂိုးနှစ်ဂိုးကြောင့် ၎င်းသည် အေစီမီလန် အသင်းအတွက် နောက်ဆုံးငါးပွဲတွင် သွင်းဂိုး ငါးဂိုးအထိ ရှိလာပြီ ဖြစ်သည်။ ၎င်းသည် ချယ်ဆီးအသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ ရောက်ရှိလာပြီးနောက် ၎င်း၏ ပထမဆုံး ၂၁ ပွဲတွင် နှစ်ဂိုးသာ သွင်းယူထားနိုင်သူဖြစ်သည်။

အေစီမီလန်နှင့် ရင်းနက်စ်အသင်းတို့၏ ဒုတိယအကျော့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ ယူရိုပါလိဂ်ပြိုင်ပွဲ ၃၂ သင်းအဆင့် ပထမအကျော့မှ အခြားသော ပွဲစဉ်များတွင် စပို့တင်းက ယန်းဘွိုင်းကို သုံးဂိုး - တစ်ဂိုး၊ ဂါလာတာစာရေးက စပါတာပရာ့ဂ်ကို သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဖီယင်နူနှင့် ရိုးမားအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ကာ ရှက်တာဒိုးနက်နှင့် မာဆေးလ်အသင်းပွဲစဉ်တွင်လည်း တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

**အောင်ဇော်**

* *ကျောဖုံးမှ*

ထင်းမယ်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ကညင်၊ ကတွတ်၊ သပြေ၊ ဥဘန်၊ ရှစ်ခေါ၊ တောင်သရက်၊ ယမနေ၊ ဖန်ခါး၊ ကံ့ကော်၊ သစ်မင်း၊ မရမ်းနှင့် မျောက်ငို စသည့်ဒေသမျိုးရင်းသစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ မျိုးသုဉ်းလုနီးပါးဖြစ်သော ငှက်မျိုးဖြစ်သည့် တောင်ငုံးရင်မဲငှက်အား ကာကွယ်ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ယင်းဒေသတွင် နေထိုင်ကျက်စားလျက်ရှိသော ကြံ့သူတော်၊ ကျား၊ တောဆင်ရိုင်းများ၏ နေရင်းဒေသအားတိုးပွားလာနိုင်မည်ဖြစ်ခြင်းနှင့် လေညာမြစ်အတွင်း စီးဝင်သောကလောင်နန်ချိုင်းချောင်း၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်သူများ ပွင့်လင်းရာသီ မီးဘေးလုံခြုံရေး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၆ ရက်က မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးထိန်လင်းနှင့် သန္နီတပ်ဖွဲ့ဝင်များက လက်တွေ့ပြသပေးစဉ်။

လှလှထွေး (မြန်/ဆက်)


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


### ယနေ့ဈေးကွက်ပေါက်ဈေးများ ၁၆ - ၂ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၉၅ ကျပ် | ၂၆၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၄၀ ကျပ် | ၂၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၇၀ ကျပ် | ၂၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၇၅ ကျပ် | ၂၉၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၇၉၄ | ၆၈၃၃၅၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၃၆၂၃ | ၁၀၃၅၂၁၅၀ |
| MCB | ၇၆၀၀ | ၇၆၀၀ | ၁၁၉ | ၉၂၈၂၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၂၂ | ၃၄၁၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၆၃ | ၁၅၇၅၀၀ |
| EFR | ၁၈၀၀ | ၁၈၀၀ | ၂၂၈ | ၄၁၀၄၀၀ |
| AHPC | ၄၆၀၀ | ၄၈၀၀ | ၁၅ | ၇၀၀၀၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၁၀၀၃ | ၁၇၀၅၁၅၀ |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅

ဦးအားထာ နှင့် ၁။ ဦးအောင်မင်းကို
၂။ ဦးကွယ်ပိန်
၃။ ဦးအင်ဒရူး

တရားလို — တရားပြိုင်များ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၆၄လမ်း၊ ၃၅-၃၆လမ်းကြားနေ ဦးအောင်မင်းကို(ဘ)ဦးမြင့်တင်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်(၈-၄)နေ ဦးကွယ်ပိန် (ဘ) ဦးကြည်နိုင် နှင့် ချမ်းအေးသာစံမြို့နယ်၊ အကွက်(၆၃၇)၊ ကဥ္စနမဟီရပ်ကွက်နေ ဦးအင်ဒရူး (ဘ) ဦးဂျီအမ်ဒါတ်(စ်) (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးအားထာက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၉)၊ ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ ၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်)၊ မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့် အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းသင်းလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သဲကျွန်းအနောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၀၅၃ ဧက၊ မြေကွက်အမှတ် (ဥသ-၄၁၅၃)၊ ဦးမြင့်သန်း (ဘ) ဦးခင်မောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်စိုးယုမွန် ၅/ကဘလ(နိုင်)၁၇၁၂၀၁ (ဘ) ဦးကျော်ငြိမ်းမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၄၂/၂၀၂၄(၁၀-၁-၂၀၂၄)တင်ပြ၍ ဒေါ်အေးပပငြိမ်း ၇/တငန(နိုင်) ၁၃၆၇၃၈ (ဘ) ဦးခင်ရွှေ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ထူပါရုံ၊ မြေကွက် အမှတ်-၁၄၄၂/က၊ ဧရိယာ(၂၀x၆၀)ပေ၊ မြေကွက်တည်နေရာအမှတ်-၁၄၄၂/က၊ ထူပါရုံ(၁၂)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသိန်းဟန် (CI-၀၁၆၅၇၀) အမည်ပေါက်နှစ်-၆၀ မြေငှား(ဂရန်)မြေအား အမည်ပေါက်ဦးသိန်းဟန်အပေါ် တရားပြိုင်ထားကာ ဦးသန်းလင်းမှ တရားလိုပြုလုပ်၍ သာကေတမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်-၂၃/ ၂၀၂၃ ဖြင့် သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ-၁၂အရ ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုတရားစွဲဆိုခဲ့ခြင်း အပေါ် အနိုင်ဒီကရီချမှတ်သည့် ၂၈-၇-၂၀၂၃ ရက်စွဲပါစီရင်ချက်၊ တရားမဇာရီမှု အမှတ်-၃၃/၂၀၂၃ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၂၅-၉-၂၀၂၃) ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ သာကေတမြို့နယ် တရားရုံးမှ (၂၅-၉-၂၀၂၃)ရက်စွဲပါ စာအမှတ်-၇၇၆၊ ဇာရီ-၃၃/၂၀၂၃ ဖြင့် တရားရုံးကိုယ်စား တရားရုံးအရာရှိအဖြစ် ဘီလစ်ဒေါ်မိုးပပမျိုး၁၂/ဥကတ (နိုင်) ၁၄၈၈၅၇ က လက်မှတ်ရေးထိုးမည်ဖြစ်ပါ၍ လိုအပ်သော မြေပုံ၊မြေရာဇဝင် များ ကူးယူခွင့်ပြုပါရန် ဌာနသို့ အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မြေခွန်ပြေစာတို့ တင်ပြ၍ အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဟံသာရိပ်မွန် အိမ်ရာ၊ (၄)လမ်း၊ တိုက်အမှတ်(၂၀၈/၂၁၂)၊ အခန်းအမှတ်(၁၀၁)၊ ပထမထပ်၊ အကျယ်အဝန်း(၁၂ $\frac{3}{2}$ x ၅၀)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအုန်းလွင် ၁၂/ကမရ(နိုင်)၀၂၆၈၀၈ ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဝင်းနိုင်ထွန်း ၁၂/ကမရ(ပြု)၀၀၀၁၆၅ က အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းနိုင်ထွန်း ၁၂/ကမရ(ပြု)၀၀၀၁၆၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်ထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် ၁၂၁၃၉/၂၈-၂-၂၀၁၇)**
**တိုက်(၁၅)၊ အခန်း(၂၀၆)၊ ယုဇနလမ်း(၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။**
**ဖုန်း-၀၉-၇၈၀၀၄၉၂၂**
**ဒေါ်ခင်လှဲ့ဝါ (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၅၈/၈-၁-၂၀၂၀)**
**အမှတ်(၇၆-အေ)၊ အခန်း(၀၀၂)၊ အောင်သုခလမ်း၊ (၅)ရပ်ကွက်၊ ဆင်မလိုက်၊**
**ကမာရွတ်မြို့နယ်။ ဖုန်း-၀၉-၄၂၈၁၃၉၆၅၃၄**

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## ရာထူးတိုးစာမေးပွဲဖြေဆိုရန်
## လျှောက်လွှာခေါ်ယူခြင်း

ရာထူးတိုးစာမေးပွဲဖြေဆိုရန်အတွက် အောက်ဖော်ပြပါ အချက်အလက်များနှင့် ကိုက်ညီသောသူများသည် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် လျှောက်လွှာရယူပြီး အချိန်မီ လျှောက်ထားကြရန်ဖြစ်ပါသည်-

(က) အလယ်တန်းကျောင်းအုပ်ရာထူးတိုးအတွက် B.Ed ဘွဲ့ရ အထက်တန်းပြ/ အထက်တန်းပြ (ကာယ)ရာထူးတွင် လုပ်သက်(၅)နှစ်ပြည့်ပြီးသူများ။ (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀- ၂၂၆၀၀၀ ကိုသာ ဆိုလိုသည်)
(ခ) လုပ်သက်တွက်ချက်ရာတွင် ၃၀ - ၆ -၂၀၂၄ ရက်စွဲဖြင့် သတ်မှတ်မည်။
(ဂ) ရေးဖြေစာမေးပွဲတွင် သတ်မှတ်ရမှတ် ရရှိအောင်မြင်မှသာ လုပ်သက်ရမှတ်၊ အကဲဖြတ်ရမှတ်၊ နှုတ်ဖြေ (Interview) ရမှတ်ပေါင်း၍ တန်းစီဇယား ရေးဆွဲခန့်ထားမည်ဖြစ် ပါသည်။ (ရေးဖြေ စာမေးပွဲ မအောင်မြင်ပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ)
(ဃ) ရေးဖြေစာမေးပွဲအောင်မြင်သူများကို စိတ်အခြေအနေ စစ်ဆေး မည်ဖြစ်ပါသည်။
(င) ရေးဖြေစာမေးပွဲမေးခွန်းအား စီမံ၊ ဘဏ္ဍာ၊ ပညာ၊ ICT၊ အင်္ဂလိပ်စာတို့နှင့် သက်ဆိုင်သည့် အကြောင်းအရာများ ပါဝင်သော (၂)နာရီ မေးခွန်းများ ဖြေဆိုရမည် ဖြစ်ပါသည်။
(စ) လျှောက်လွှာများကို ၁၉-၂-၂၀၂၄ ရက်မှစ၍ မြို့နယ်ပညာရေးမှူးရုံးများ တွင် အခမဲ့ ရယူပြီး၊ ၂၉- ၂ -၂၀၂၄ ရက် နောက်ဆုံးထားလျှောက်ထားရန် ဖြစ်ပါသည်။
(ဆ) ၃၀-၃-၂၀၂၄ ရက်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရေးဖြေ စာမေးပွဲကျင်းပမည်ဖြစ်ပြီး လူတွေ့စစ်ဆေးမည့်ရက်အား သီးခြားထုတ်ပြန်သွားမည် ဖြစ်ပါသည်။

**အခြေခံပညာဦးစီးဌာန**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၂၁)၊ မိုးကြိုးစံပြကျေးရွာအုပ်စု၊ မိုးကြိုးပစ်ကျေးရွာ၊ အဓိပတိအိမ်ရာ(၁၁) မြေ ဧရိယာ(၄၀၀ x ၂၀၀)ပေ အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ ကွက်စိပ် ရိုက်ထားသော မြေကွက်အမှတ်(A-၃)၊ ဧရိယာ(၄၀ x ၈၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိ စာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိ ကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နီလာကိုကို(ဘ)ဦးမြသောင်း ၁၂/မဘန(နိုင်) ၁၁၆၇၈၁ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်၊ အထက်ပါ ပစ္စည်းအရပ်ရပ်တို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာ တမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်ခင်မြတ်ထွေး (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၂၇)**
**၅၆လမ်းနှင့် ၁၀၅လမ်းထောင့်၊ ကံသာယာရပ်ကွက်**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၄၀၂၅၄၇၄၉၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဦးအောင်မျိုးသာ ၈/မကန (နိုင်)၁၂၃၈၂၈ (ဘ) ဦးချန်ထွန်းအောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက် အမှတ်(ပ-၂၂၀၅၁)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူး ကိုယ်စားလှယ်လွှဲစာအမှတ် ၂၇၁၀/၂၀၂၃(၁၀-၈-၂၀၂၃)ဖြင့် မြေကွက် အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ဌေးဌေးဝင်း ၉/မခန (နိုင်)၀၁၅၁၀၄ (ဘ) ဦးအောင်မြတ်မှ ဒေါ်ခင်နန္ဒာကျော် ၁၂/မဂဒ(နိုင်) ၁၀၇၁၁၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

